ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့

ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၉၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ပြည်ပခရီးစဉ်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကျန်းမာရေးကိစ္စ။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးဆားရယ်၊ ကယား(၆)၊ ကိုယ်တိုင် ဆောင်ရွက် ရန်။ ဦးဌေးရယ်၊ ကယား(၇)၊ ဖွံ့ဖြိုးရေးတက္ကသိုလ်အာစရိယပူဇော်ပွဲ။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ၎င်းအတိုင်း။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစုကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဆေးစစ်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ဖွံ့ဖြိုးရေးတက္ကသိုလ် အခမ်းအနား၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဖွံ့ဖြိုးရေး တက္ကသိုလ်ရွှေရတု။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင် ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိစမ်းသပ်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဒေသဖွံ့ဖြိုးရေး။

ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ရွှေရတု၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ၎င်းအတိုင်း။ ဦးလှမောင်၊ ကယား(၁၁)၊ ၎င်းအတိုင်း။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းရယ်၊ ကယား(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ မျက်စိခွဲ။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင် (၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ မိသားစုကိစ္စ။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်၊ ကော်မတီ အစည်းအဝေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ (၅၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဟိုတယ်ဆောက်လုပ်ရန် ရပ်ဆိုင်းထားပြီးဖြစ်သော ကရင်ပြည်နယ်၊ ဘားအံမြို့မကွင်း (ခေါ်) အာဇာနည်ကျောက်တိုင်ကွင်းအား ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့အပန်းဖြေဥယျာဉ်အဖြစ် ဖော်ဆောင်သတ်မှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ က ဟိုတယ်ဆောက်လုပ်ရန် ရပ်ဆိုင်းထားပြီးဖြစ်သော ကရင်ပြည်နယ်၊ ဘားအံမြို့မကွင်း (ခေါ်) အာဇာနည်ကျောက်တိုင်ကွင်းအား ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့အပန်းဖြေဥယျာဉ်အဖြစ် ဖော်ဆောင်သတ်မှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အထူး ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော် လူကြီးမင်းများအားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျား။ ကျွန်တော် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် (ခေါ်) ရှားဘူးဖော့အနေနဲ့ ဟိုတယ်ဆောက်လုပ်ရန် ရပ်ဆိုင်းထားပြီဖြစ်သော ကရင်ပြည်နယ်၊ ဘားအံမြို့မကွင်း (ခေါ်) အာဇာနည် ကျောက်တိုင်ကွင်းအား ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့ အပန်းဖြေဥယျာဉ်အဖြစ် ဖော်ဆောင်သတ်မှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ဟာဆိုရင် ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၀၀)အုပ်စုရှိပြီး၊ မြို့ပေါ်ရပ်ကွက်(၉)ရပ်ကွက်မှ အိမ်ခြေ(၉၃၀၂)အိမ်နဲ့ အိမ်ထောင်စု(၉၃၂၆)စုရှိပြီး၊ လူဦးရေအားဖြင့် (၅၂၄၆၆)ဦးဖြင့် လည်းကောင်း၊ ကျေးရွာအုပ်စု(၉၁)အုပ်စုကနေပြီးတော့ ကျွန်တော်တို့ အိမ်ခြေ(၅၆၇၅၈)အိမ်နဲ့ အိမ်ထောင်စုပေါင်း(၆၁၀၃၇)စုရှိသလို လူဦးရေအားဖြင့် (၃၂၀၁၈၇)ဦး ဖြင့်လည်းကောင်း၊ ဘားအံမြို့နယ် စုစုပေါင်းအိမ်ခြေ(၆၆၀၆၀)အိမ်မှ အိမ်ထောင်စုပေါင်း(၇၀၀၃၆၃)စု နဲ့ လူဦးရေစုစုပေါင်း(၃၇၂၆၅၀)ဦးဖြင့် ဖွဲ့စည်းနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသော မြို့နယ် တစ်မြို့နယ် ဖြစ်သလို ကျွန်တော်တို့ ကရင်ပြည်နယ်ရဲ့ ရုံးစိုက်ရာမြို့လည်း ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ ဘားအံမြို့ပေါ်မှာရှိတဲ့ (၉)ရပ်ကွက်က အမှတ်(၃)ကတို့ဆိပ်၊ အကွက်အမှတ်(၂)နှင့် ဦးပိုင်အမှတ်(၇)ရှိ အာဇာနည်ကျောက်တိုင်ကွင်း အပါအဝင် ဧရိယာ (၃.၁၂၅)ဧကဟာ ၁၉၇၀-၁၉၇၁ ခုနှစ်မှာ ပြန်လည်

ထူထောင်တဲ့ ၁-က မှတ်ပုံတင်စာရင်းအရ မြို့မဘောလုံးကွင်း အမည်ပေါက်မြေ၊ တစ်နည်းအားဖြင့် အာဇာနည်ကျောက်တိုင်ကွင်းဟု အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်ပြီး သံလွင်မြစ်ကမ်းနဖူး ကမ်းနားလမ်းရဲ့ အရှေ့ဘက် မြို့အလှနှင့် ပဏာရသော ကွင်းတစ်ခုဖြစ်ခဲ့ပါတယ်။

အထက်ပါ သမိုင်းဝင်မြို့မကွင်းရှိ ဧရိယာ (၂.၅၅၆)ဧက ဘောလုံးကွင်းကို ကရင်ပြည်နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ(၈)ရက်၊ ရက်စွဲပါ စာအမှတ် ၅/၂-၁၁/ဦး ၆ ဖြင့် မြတ်ဒွေးကြွယ်လင်းကုမ္ပဏီလီမိတက်သို့ ဟိုတယ်ဆောက်လုပ်ရန် ခွင့်ပြုချက်ဖြင့် ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် ၈၃/၂၀၀၀ ဖြင့် ၂၀၀၀ ခုနှစ် ၁၁ လ ၂၀ ရက်နေ့မှ စတင်ပြီး နှစ်(၉၀)မြေငှားရမ်းဂရန် ခွင့်ပြုချထားပေးခဲ့ပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဟိုတယ်ဆောက်လုပ်ဖို့အတွက် ရည်ရွယ်ပြီး မြတ်ဒွေးကြွယ်လင်း ကုမ္ပဏီလီမိတက်အား လိုင်စင်ထုတ်ပေးခဲ့သော်လည်း မူလတင်ပြစဉ်ကအတိုင်း အဆောက်အဦများ ဆောက်လုပ်ခြင်းမရှိဘဲ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာ ရောင်းဝယ်မှုအရ ကတိစာချုပ်ဖြင့် ဦးစောဟန်စိုး ဆိုသူသို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၇ နေ့ရက်နေ့မှာ ဦးစူဟိန်း (ခေါ်) ဦးအောင်ဝင်း နှင့် ဦးမိုးကျော် တို့ စာချုပ် ချုပ်ဆို၍ လည်းကောင်း အဆင့်ဆင့် ပြန်လည်ရောင်းချခဲ့ကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် ရက်စွဲပါ စာအမှတ် ပထရ/၂-၃(၂၂၅၂)/ ထောက် ၂၊ နောက်ဆက်တွဲ(ခ)ပါဖြင့် တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ စည်းမျဥ်း၊ စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်သော နှစ်(၉၀) မြေဂရန် ငှားရမ်းဂရန် ထုတ်ပေးထားခြင်းကို ပယ်ဖျက်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ညှိနှိုင်းအကြောင်းကြားပါသည်ဟု ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရထံသို့ ပြည်ထဲရေး၊ ပြည်ထောင်စုဝန်ကြီး လက်မှတ်ထိုး အကြောင်းကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ အဆင့်ဆင့်ဝယ်ယူထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များဟာ မည်ကဲ့သို့သော တရားမဝင် မသမာသော နည်းများဖြင့် ဆောင်ရွက်ပြီး အဆောက်အဦကို ၂၀၁၃ ခုနှစ်၊ ဇွန်လမှ စတင်၍ အပူတပြင်း ဆောက်လုပ်နေခြင်းအား ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ မိဘပြည်သူလူထု ကျောင်းသား လူငယ်များနှင့် ဆရာတော်၊ သံဃာတော်များမှ ဟိုတယ်ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းရန် ကန့်ကွက်တင်ပြတောင်းဆိုခဲ့ကြတဲ့အတွက် ပြည်ထောင်စုဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်၊ ရက်စွဲပါစာအမှတ် ၁၀(ခ)၂၀၁၃/နပထ ၇၂၉၀ အရဖြင့် လည်းကောင်း၊ ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ ရက်စွဲပါ စာအမှတ် ပထရ/ ရမအ (၉၄၉)/ဦး ၁ အရသော်လည်းကောင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၏၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ရက်စွဲပါစာအမှတ် ၂၀၀/၅-၁၂/ဦး ၆ ဖြင့် သော်လည်းကောင်း၊ ဟိုတယ်ဆောက်လုပ်နေမှုကိုရပ်ဆိုင်းပြီး၊ ဆိုင်းငံ့ထားရန် အကြောင်းကြားခဲ့သဖြင့် ယနေ့အထိ ဆောက်လုပ်မှုကို အပြီးတိုင်ရပ်ဆိုင်း ဖျက်သိမ်းလိုက်ပြီဖြစ်ပါတယ်။

ဒါကြောင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်သူလူထု၊ လူကြီး၊ လူငယ်၊ ကျောင်းသား မိဘများနှင့် ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ ရှင်၊ လူများရဲ့ သဘောဆန္ဒများအရ မြင်မကောင်း၊ ရှုမကောင်းတဲ့ ကျက်သရေမရှိသော ပုံစံအဆောက်အဦအား ဖျက်သိမ်းပြီး၊

မြို့အင်္ဂါရပ်နဲ့ ကိုက်ညီလိုအပ်လျက်ရှိတဲ့ ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့အပန်းဖြေဥယျာဉ် ဒါမှမဟုတ် ပန်းခြံကဲ့သို့သော ပြည်သူ့ဟစ်တိုင်ကွင်းအဖြစ် စီမံဆောင်ရွက်ရန် လိုလားလျက် ရှိနေကြပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Slide နဲ့ Power Point လေး ထိုးခွင့်ပြုပါ။ ဒါကတော့ ယခင် မြို့မကွင်းခေါ်တဲ့ အာဇာနည်ကျောက်တိုင်ကွင်းပုံ ဖြစ်ပါတယ်။ ဒါကလည်း ယခင် အာဇာနည်နေ့ ချီတက်အလေးပြုတဲ့အခါမှာ ဒီ ကွင်းလုံးပြည့် မြို့နယ်မိဘပြည်သူများနှင့် ဌာနဆိုင်ရာ အကြီးအကဲ၊ ကျောင်းသားလူငယ်များ တက်ရောက်ချီတက်တဲ့ မြို့မဘောလုံးကွင်းဖြစ်ပါတယ်။ အဲဒီတုန်းကဆိုရင် ကျွန်တော် တင်ပြခဲ့သလို မည်သည့်အဆောက်အဦမှ မဆောက်လုပ်သေးဘဲနဲ့ အဆင့်ဆင့်ရောင်းချခဲ့သော အာဇာနည်ကျောက်တိုင်၊ မြို့မဘောလုံးကွင်း တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ အဆင့်ဆင့် ဝယ်ယူထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များကနေပြီးတော့ အဆောက်အဦ ဆောက်လုပ်ဖို့အတွက် စတင်စီစဉ်တဲ့ ပုံဖြစ်ပါတယ်။ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူလူထု၊ ကျောင်းသား လူငယ်များ ကန့်ကွက်မှုကို ဂရုမစိုက်ဘဲနဲ့ အဆောက်အဦ စတင်ဆောင်ရွက်တဲ့ ပုံကို တင်ပြထားခြင်း ဖြစ်ပါတယ်။

ဒါကတော့ မူလခွင့်ပြုထားစဉ်က စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်တဲ့အတွက် ဆောက်လုပ်နေမှုကို ရပ်ဆိုင်းထားရန် ညွှန်ကြားထားပြီးပေမယ့်လည်း ဆက်လက်ဆောင်ရွက်နေတာကို တွေ့ရခြင်း ဖြစ်ပါတယ်။ အခုတော့ ဆောက်လုပ်မှုကို ယနေ့အထိ အပြီးအပိုင် ရပ်ဆိုင်းဖျက်သိမ်းလိုက်တဲ့ ဒီ ဟိုတယ်ဆောက်လုပ်ခြင်း ပုံကို တင်ပြထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်ဆောက်လုပ်ရန် ရပ်ဆိုင်းထားပြီဖြစ်တဲ့ ဟိုတယ်ဧရိယာ (၂.၅၅၆)ဧကေ မြို့မကွင်းအား မြေငှားရမ်းဂရန် ထုတ်ပေးထားခြင်းကို ပယ်ဖျက်၍ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် လိုအပ်၊ လိုလားသည်များကို နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုများရဲ့ ကိုယ်စားမေးမြန်းတင်ပြ တောင်းဆိုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မည်သည့်အဆောက်အဦမျှ မဆောက်လုပ်သေးဘဲ အဆင့်ဆင့် ရောင်းချခဲ့သော
အာဇာနည်ကျောက်တိုင် မြို့မဘောလုံးကွင်း ပုံ (ခ-၁)




အဆင့်ဆင့် ဝယ်ယူထားသော ပုဂ္ဂလိကလုပ်ငန်းရှင်မှ အဆောက်အဦ ဆောက်လုပ်ရန်
စတင်စီစဥ်သည့် ပုံ (ခ-၁)



ယနေ့အထိ ဆောက်လုပ်မှုကို အပြီးအပိုင် ရပ်ဆိုင်းဖျက်သိမ်းလိုက်ပြီး ပုံ(ခ-၁)




**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်ကျော်ဝင်း၊ (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ ၏ ဟိုတယ်ဆောက်လုပ်ရန် ရပ်ဆိုင်းထားပြီးဖြစ်သော ကရင်ပြည်နယ်၊ ဘားအံမြို့မကွင်း ခေါ် အာဇာနည်ကျောက်တိုင်ကွင်းအား ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့အပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းသည့် နေရာဟာ ဘားအံမြို့ အမှတ်(၃) ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ကူးတို့ဆိပ်အကွက် ဦးပိုင်အမှတ်(၇)ရှိမြေဧရိယာ (၃.၁၂၅)ဧကအနက်မှ (၂.၅၅၆)ဧကရှိ မြေဖြစ်ပြီး၊ အဆိုပါမြေနေရာသည် ၁၉၇၀-၁၉၇၁ ခုနှစ်တွင် ပြန်လည်ထူထောင်သည့် ၁(က) မှတ်ပုံတင်စာရင်းအရ မြို့မဘောလုံးကွင်း အမည်ပေါက်မြေဖြစ်ပြီး ဧရိယာ(၃.၁၂၅)ဧက ရှိပါ

တယ်။ အဆိုပါမြေသည် အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်ပါတယ်။ ယင်းမြေကို မြိုင်ကြီးငူ အထူးဒေသ မြဒေးကြွယ်လင်း ကုမ္ပဏီလီမိတက်မှ ၅-၉-၂၀၀၀ ရက်စွဲပါစာဖြင့် အဆိုပါမြေနေရာတွင် ခေတ်မီ(၃)ထပ်ကုန်တိုက်နှင့် ဟိုတယ်ဆောက်လုပ်ခွင့်ပြုရန် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ လျှောက်ထားခဲ့ရာ ၈-၉-၂၀၀၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးအမှတ်စဉ် ၆/၂၀၀၀ ပါ ဆုံးဖြတ်ချက် အပိုဒ်(၁)အရ နိုင်ငံရေးအရ DKBA မိသားစုများ၏ ရေရှည်စားဝတ်နေရေး အဆင်ပြေစေရန်အတွက်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျဆုံးသူများ၏ မိသားစုများကို ကူညီပံ့ပိုးပေးနိုင်ရန်သော်လည်းကောင်း ရည်ရွယ်၍ မြဒေးကြွယ်လင်းကုမ္ပဏီမှ လျှောက်ထားသည့် အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၇)မှ မြေနေရာပေါ်တွင် ခေတ်မီ(၃)ထပ်ကုန်တိုက်နှင့် ဟိုတယ်ဆောက်လုပ်ရန် လျှောက်ထားမှုကို သဘောတူကြောင်း ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြဒေးကြွယ်လင်းကုမ္ပဏီလီမိတက်သို့ ခွင့်ပြု အကြောင်းကြားခဲ့ပါတယ်။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အကြောင်းကြားချက်အရ ဖားအံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင် အမှတ်(၇)၊ မြေဧရိယာ (၂.၅၅၆)ဧကကို ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲ ၈၃/ ၂၀၀၀ ဖြင့် မြဒေးကြွယ်လင်းကုမ္ပဏီ ဥက္ကဋ္ဌသို့ ၂၄-၁၁-၂၀၀၀ မှ ၂၃-၁၁-၂၀၉၀ အထိ နှစ်(၉၀)၊ နှစ်ရှည်မြေငှားဂရန်ကို ခွင့်ပြုပေးခဲ့ပါတယ်။ အဆိုပါမြေနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သည် ၂၅-၁၁-၂၀၁၂ ရက်နေ့ (၀၉း၀၀)နာရီအချိန် ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇွဲကပင်ခန်းမ၌ ပြည်သူလူထုနှင့် တွေ့ဆုံပွဲ ကျင်းပစဉ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် မှ ဖော်ပြပါ မြေအား ရောင်းကုန်သဖွယ် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဆင့်ဆင့်သို့ ရောင်းချနေကြောင်း တင်ပြခဲ့ရာ ယင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ မြေရာဇဝင်နှင့် အခြေအနေမှန်အား စိစစ်တင်ပြရန် ညွှန်ကြားချက်အရ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အဆိုပါ မြေနှင့် ပတ်သက်သည့် အခြေအနေမှန်အား စိစစ်တင်ပြခဲ့ပါတယ်။

အဆိုပါမြေ၏ ရာဇဝင်အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှတစ်ဆင့် ပြည်ထဲရေး ဝန်ကြီးဌာနသို့ တင်ပြခဲ့ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ မူလဂရန်ချထားပေးစဉ်က ရည်ရွယ်ချက် အတိုင်းသာ ဆောင်ရွက်စေရန်နှင့် ဆောင်ရွက်မှု မရှိပါက တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သော မြဒေးကြွယ်လင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစောကျော်သန်း သို့ ထုတ်ပေးထားသည့် နှစ်(၉၀) နှစ်ရှည်မြေငှားဂရန် ထုတ်ပေးထားခြင်းကို ပယ်ဖျက်၍ အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူရန်ဖြစ်ကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ ညွှန်ကြား အကြောင်းကြားခဲ့ပါတယ်။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အတိုင်း ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ရာ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ဖားအံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာသို့ အသိပေးဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရေး စောင့်ကြည့် ကြပ်မတ်လျက်ရှိကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။

မြင့်ဒေးကြွယ်လင်းကုမ္ပဏီ ကိုယ်စားလှယ် ဦးစောဟန်စိုး မှ ၂၉-၃-၂၀၁၃ ရက်စွဲပါ စာဖြင့် ကရင်ပြည်နယ် အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ကူးတို့ဆိပ်အကွက် ဦးပိုင်အမှတ်(၇)ရှိ မြေဧရိယာ (၂.၅၅၆)ဧကပေါ်တွင် ဘားအံဟိုတယ် အမည်ဖြင့် ခေတ်မီ(၃)ထပ်ဟိုတယ်နှင့် ကုန်တိုက်အား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားတင်ပြခဲ့ပါတယ်။ အဆိုပါ တင်ပြချက်အရ ၁၀-၄-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၉/၂၀၁၃ တွင် ဆွေးနွေးခဲ့ရာ လက်ရှိ ကရင်ပြည်နယ်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသော ခရီးသွားလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်လျက်ရှိခြင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဌဆောင်ရွက်ပါက အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးပြုလုပ်ရန် အဆင့်ရှိ ဟိုတယ်နှင့် အစည်းအဝေးခန်းများ လိုအပ်ခြင်း၊ တိုးတက်များပြားလာနေသော ဘားအံမြို့ လူဦးရေနှင့် ရောင်းဝယ်ဖောက်ကားမှုများအရ လက်ရှိဖားအံမြို့မ ဈေးကြီးတွင် နေရာထိုင်ခင်းလုံလောက်မှု မရှိတော့သဖြင့် ဈေးဆိုင်ခန်းနှင့် ခေတ်မီကုန်တိုက်များထပ်မံလိုအပ်ခြင်း၊ ဒေသတွင်း တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်းတို့ကြောင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် ခွင့်ပြုပါက ၂၀၁၃ ခုနှစ်၊ နှစ်ကုန်တွင် အပြီးတည်ဆောက်သွားစေမည်ဖြစ်ကြောင်းကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြရန် သဘောတူဆုံးဖြတ် ခဲ့ပါတယ်။

အဆိုပါ ဆုံးဖြတ်ချက်အား ပြည်ထဲရေးဝန်ကြီးဌာနသို့လည်း မိတ္တူပေးပို့တင်ပြခဲ့ပြီး မူလဂရန် ထုတ်ပေးစဉ် ရည်ရွယ်ချက်အတိုင်း လုပ်ငန်းဆောင်ရွက်မှုကို တစ်နှစ်အတွင်း အပြီး ဆောင်ရွက်နိုင်ရေး ဝန်ခံကတိအား လုပ်ငန်းရှင်ထံမှ လက်မှတ်ရေးထိုးရယူပြီး ကြီးကြပ်ဆောင်ရွက်သွားရန် ဖားအံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။ ဒေသအတွင်း ပြောင်းလဲလာသည့် အခြေအနေများအရ မြင့်ဒေးကြွယ်လင်းကုမ္ပဏီမှ ယခင် ရည်ရွယ်ချက်အတိုင်း ခေတ်မီ(၃) ထပ်ကုန်တိုက်နှင့် ဟိုတယ်အား ဆောက်လုပ်ခွင့်ပြုရန် လျှောက်ထားလာသဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ အဆိုပါ တင်ပြချက်အပေါ် ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေး၍ ဥပဒေနှင့်အညီ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ မြင့်ဒေးကြွယ်လင်းကုမ္ပဏီမှ ခေတ်မီ(၃)ထပ် ကုန်တိုက်နှင့် ဟိုတယ်အား ဆောက်လုပ်ခဲ့ရာ ကြမ်းခင်းဧရိယာ (၁၀၇၆၁)စတုရန်းပေရှိ အဆောက် အဦ၏ ပထမထပ်အထိ အကြမ်းထည်ဆောက်လုပ်ပြီးစီးသည့် အခြေအနေသို့ပင် ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

မြင့်ဒေးကြွယ်လင်းကုမ္ပဏီသည် ထိုသို့ ခေတ်မီ(၃)ထပ်ကုန်တိုက်နှင့် ဟိုတယ်အား ဆောက်လုပ်နေစဉ် လူပုဂ္ဂိုလ်အချို့၏ ကန့်ကွက်တင်ပြမှုအရ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလခန့်မှစ၍ အဆောက်အဦအား ဆောက်လုပ်မှုကို ယာယီရပ်ဆိုင်းထားခဲ့ပါတယ်။ ဘားအံမြို့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၆-၉-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ဧရိယာ (၆၄၀၀)ဧက၊ ဧရိယာ (၁၀) စတုရန်းမိုင်အပေါ်တွင် မြို့မရပ်ကွက် (၉)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိရာတွင် လူနေအိမ်ရာမြေ၊ ဘာသာသာသနာ အဆောက်အဦနှင့် ဌာနဆိုင်ရာ အဆောက်အဦမြေ၊ လမ်း၊ မြောင်းမြေများဧရိယာများ အပါအဝင် လက်ရှိစိုက်ပျိုးမြေ (၁၅၆၂.၃၇၁)ဧက၊ သဘာဝတောတောင်အဖြစ် တည်ရှိနေသည့် ကြာအင်းတောင် သာသနာမြေ (၈၈၆.၀၀၀)ဧက၊ ဘားအံမြို့ ကျက်သရေဆောင် လွတ်လပ်ရေး ကျောက်တိုင် တည်ရှိရာ သီရိကွင်းဧရိယာ (၁၂.၇၇၅)ဧက၊ ကန်သာယာပန်းဥယျာဉ်နှင့် ကန်သာယာ

ကန်ဧရိယာ (၁၄၇.၂၆၄)ဧကတို့ ပါဝင်တည်ရှိလျက် ရှိပါသည်။ ဘားအံမြို့၏ လက်ရှိလူဦးရေမှာ (၆၈၅၂၀)ဦး ခန့်သာရှိသဖြင့် ဖားအံမြို့သူမြို့သားများအနေဖြင့် ဘားအံမြို့အတွင်း၌ပင် စိမ်းလန်းမြေအဖြစ် ခံစားနိုင် သည့်ဧရိယာမှာ (၂၆၀၈)ဧကခန့် ရှိနေပါသည်။

မြဒွေးကြွယ်လင်းကုမ္ပဏီမှ ကုန်တိုက်နှင့် ဟိုတယ် ဆောက်လုပ်လျက်ရှိသည့် မြေနေရာမှာ မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ ကုမ္ပဏီသို့ နှစ်ရှည် မြေငှားရမ်းဂရန် ခွင့်ပြုပေးထားခဲ့ပြီးသော မြေဖြစ်သည့်အပြင် ဟိုတယ်အဆောက်အဦ ပထမထပ် အထိပင် ဆောက်လုပ်ထားပြီးဖြစ်၍ ပြည်သူ့ရင်ပြင် သို့မဟုတ် ပြည်သူ့ပန်းဥယျာဥ်အဖြစ် သတ်မှတ် ဆောင်ရွက်လောက်အောင်လည်း ကျယ်ဝန်းမှုမရှိခြင်း၊ အာဇာနည်ကျောက်တိုင်ရှိရာ ကုန်းမြင့်မြေနေရာတွင် မြို့ပြအင်္ဂါနှင့်အညီ ပိုမိုတင့်တယ်အောင် ပြုပြင်ဆောင်ရွက်လျက်ရှိခြင်း၊ လက်ရှိ ကန်သာယာ၊ ဇွဲကပင်ခန်းမတို့နှင့် ဆက်စပ်နေသော ကန်သာယာဥယျာဥ်ကိုလည်း အဆင့်မြှင့်တင်လျက်ရှိပါကြောင်းနှင့် ဖားမဲတောင်ကိုလည်း သဘာဝအပန်းဖြေဥယျာဥ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးစောအောင်ကျော်နိုင်(ခေါ်)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီး ဖြေသွားတဲ့အပေါ်မှာ အသေးစိတ် ကျွန်တော်တို့လည်း သိရှိရပါတယ်။ ယခင်ကလည်း ဒီအခြေအနေအတိုင်းကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် နာယကကြီး သူရဦးရွှေမန်း ကရင်ပြည်နယ်ကို ရောက်ရှိချိန်က ၂၀၁၂ ခုနှစ်ကဆိုရင် ကျွန်တော် တင်ပြခဲ့ပါတယ်။ ပြည်သူလူထုရဲ့အစား ဝန်ကြီးလည်း ပြောပြသွားပါတယ်။ အဲဒီအချိန်က ၂၀၁၂ ခုနှစ်အထိကို ဘာမှ မလုပ်ရသေးပါဘူး။ ဆောင်ရွက်ရခြင်း ဘာမှ မရှိသေးပါဘူး။ အဲဒီလို မရှိပြီးတော့ ခုန မြဒွေးကြွယ်လင်းက လျှောက်ထားတဲ့ ပထမ မူလဟာ ဟန်စိုး မဟုတ်ပါဘူး။ သူ စာချုပ်စာတမ်း အပြည့်အစုံ ရှိပါတယ်။ ဦးကျော်သန်း ကို ပေးထားခြင်း ဖြစ်ပါတယ်။ နောက်ပိုင်းမှာပဲ သူတို့ အဆင့်ဆင့် ဦးကျော်သန်း နဲ့ တွေ့ဆုံပေမယ့် ဦးကျော်သန်းက သူနဲ့ မဆိုင်တော့ပါဘူးလို့လည်း ပြောပါတယ်။ သံဃာတော်၊ ဆရာတော်၊ လူထုမိဘတွေကလည်း အဲဒီလို ပြောပြီးတော့ တကယ်တမ်းဆိုရင် အဲဒီကနေတစ်ဆင့် ဦးစောဟန်စိုး ဆိုတာ ပြန်လည်ဝယ်ယူထားတဲ့လူ အဲဒီကနေတစ်ဆင့် ဦးစူဟိန်း (ခ) ဦးအောင်ဝင်း နဲ့ ရောင်းချထားတဲ့ စာချုပ်စာတမ်းလည်း အပြည့်အစုံ ရှိပါတယ်။ အဲဒီလို ရောင်းချထားတဲ့အပိုင်းမှာ အဲဒီလောက်ထိကို မဆောင်ရွက်သေးဘဲနဲ့ ကျွန်တော်တို့ တင်ပြတဲ့အခါ ပြည်ထဲရေးဝန်ကြီးကလည်း ကျွန်တော်တို့ကို ခုန ကျွန်တော်တင်ပြတဲ့ စာအမှတ် အားဖြင့်သော်လည်းကောင်း နောက်ပိုင်း ဟိုတယ် အဲဒီကြားကနေ ရပ်ဆိုင်းဖို့ ဆောင်ရွက်ပေးဖို့ လုပ်နေတဲ့ကြားကနေပြီး ဟိုတယ်ဝန်ကြီးဌာနရဲ့ တင်ပြခဲ့တဲ့ စာအမှတ်အရသော်လည်းကောင်း ဆိုင်းငံ့ရပ်ဆိုင်းထားခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် မို့လို့ အခု ဟိုတယ်ကလည်း ဆောက်လုပ်မှုကို ရပ်ဆိုင်းထားတဲ့ အတွက် ပြန်လည်မဖြစ်ဖြစ်အောင် ပြန်ဆောက်မယ် မဆောက်ဘူးဆိုတာကို ဝန်ကြီးပြောတာ နည်းနည်း သေချာသိအောင်အတွက် ကျွန်တော့်ကို နည်းနည်းလေး ပြန်ပြီးတော့ ဖြေကြားပေး စေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်ကျော်ဝင်း၊ (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးမြန်းချက်က ကောင်းပါတယ်ခင်ဗျား။ ဒါ ကျွန်တော်ကလည်း ကရင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်တို့ လာရောက်ဖြေကြားခြင်း ဖြစ်ပါတယ်။ ဒီထဲမှာ ဖြေကြားတဲ့ အထဲမှာလည်း ပါရှိပြီး ဖြစ်ပါတယ်။ ဆောက်လုပ်ထားတာ အဆောက်အဦက ပထမထပ်ထိ ဆောက်လုပ်ပြီးစီးပြီ၊

ပထမအဆင့် ပထမအလွှာအထိကို သူတို့ လုပ်ပြီးတော့ ရပ်ထားတယ် ဆိုင်းငံ့ထားတယ် ဆိုတာတော့ ပါရှိတာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း သက်ဆိုင်ရာ ဥယျာဉ်အဆင့် မြှင့်တင်ဖို့ ဘာတို့ ဒါကိုလည်း အာဇာနည် ကျောက်တိုင်ကုန်းကို အဆင့်မြှင့်ပေးမယ်။ ပြီးတဲ့အခါကျရင်တော့ ဖွဲ့ကပင် ခန်းမနဲ့ ဆက်နေတဲ့ ကံသာယာဥယျာဉ်ကိုလည်း အဆင့်မြှင့်ပေးမယ်။ ဖားမဲတောင်ကိုလည်း အဆင့်မြှင့် ပေးမယ်ဆိုတော့ အဆင့်မြှင့်ပေးမယ့်ကိစ္စတွေတော့ သူတို့ ဖော်ပြထားတာတွေ ရှိပါတယ်။ သို့ရာတွင် ခုနက ဆိုင်းငံ့ထားတဲ့ကိစ္စကိုပဲ ဖော်ပြဖြေကြားထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ် လက်ရှိအနေအထားတော့ ဆိုင်းငံ့ထားလျက် ရှိပါကြောင်းပဲ ကျွန်တော် ပြန်လည် ဖြေကြားအပ်ပါတယ်။

**ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၏ အောက်ဘက်တွင်ရှိသော မြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများအား ကမ်းပါးပြိုပြီး ကျေးရွာမြေများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းကို ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၏ အောက်ဘက်တွင်ရှိသော မြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများအား ကမ်းပါးပြိုပြီး ကျေးရွာမြေများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းမှ ကာကွယ်နိုင်ရန် အတွက် ဧရာဝတီမြစ်ကြောင်းကို ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတားရဲ့ အောက်ဘက်မှာ ရှိသော ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာများအား ကမ်းပါးပြိုကျပြီး ကျေးရွာမြေများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးနေရခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းအား ထိန်းသိမ်း ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ ကုက္ကိုလ်ကုန်းကျေးရွာ၊ ကျတ်တန်းကုန်းကျေးရွာ၊ ကျွန်းညိုကြီးကျေးရွာ၊ ကျွန်းဦးရွာသစ်ကျေးရွာ၊ ရှားပင်ကျေးရွာများနဲ့ ထောက်ရှာပင် ကျေးရွာများဟာ ပခုက္ကူမြို့ရဲ့ အနောက်ဘက်မှာ ဧရာဝတီမြစ်ကူးတံတားရဲ့ အောက်ဘက်မှာ တည်ရှိပြီး ကမ်းနားမှာ တည်ရှိတဲ့ ကျေးရွာများ ဖြစ်ပါတယ်။ ၎င်းကျေးရွာများမှာ ကျတ်တန်းကုန်း ကျေးရွာဟာ ပခုက္ကူ တံတားရဲ့ အောက်ဘက် (၂)ဖာလုံ ခန့်အကွာမှာ တည်ရှိပြီး အိမ်ခြေ (၈၉)အိမ်၊ အိမ်ထောင်စု (၉၆)စု လူဦးရေ (၄၀၂)ဦး နေထိုင်လျက်ရှိပါတယ်။

ယခုနှစ် ဧရာဝတီမြစ်ရေတိုးချိန်ကာလ ၁၇-၅-၂၀၁၄ ရက်နေ့ကနေ စတင်ပြီးတော့ ကမ်းပါးပြိုကျခဲ့ရာ လူနေအိမ် (၁၃)လုံး ရွှေ့ပြောင်းခဲ့ရပြီး ဖြစ်ပါတယ်။ အခြားလူနေအိမ်များနဲ့ ကျေးရွာရှိ ဓမ္မာရုံ ဘုန်းတော်ကြီးကျောင်းများဟာလည်း မကြာမီ ကာလအတွင်းမှာ ကမ်းပါးပြိုကျမယ့် အန္တရာယ်နဲ့ကြုံတွေ့ကြရမှာ ဖြစ်ပါတယ။ ၎င်းကျေးရွာမှာ ၂၀၁၂ ခုနှစ်က စတင်ပြီး ကမ်းပါးပြိုကျခဲ့ရာမှာ ကျတ်တန်းကုန်းကျေးရွာအနေနဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာပဲ ကျေးရွာမြေနဲ့ စိုက်ပျိုးမြေဧက(၁၀၀)ခန့် ဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။ အိမ် (၁၄)လုံးလည်း ရွှေ့ပြောင်းခဲ့ရပြီး ဖြစ်ပါတယ်။ ကျတ်တန်းကုန်းကျေးရွာရဲ့ အောက်ဘက်မှာရှိတဲ့ ကုက္ကိုလ်ကုန်းကျေးရွာ၊ ကျွန်းညိုကြီး ကျေးရွာ၊ ကျွန်းညိုရွာသစ်ကျေးရွာများမှာ ကျေးရွာမြေနဲ့ စိုက်ပျိုးမြေများ အပါအဝင် ယခင်နှစ်က ပြိုကျခဲ့တာ အပါအဝင် စုစုပေါင်း မြေဧက(၄၀၀)လောက် ဆုံးရှုံးခဲ့ရပြီး ဖြစ်ပါတယ်။ ရှေးယခင်နှစ်များကလည်း ၎င်းကျေးရွာ အောက်မှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ ထနောင်းကုန်းကျေးရွာနဲ့ သိမ်ကုန်းကျေးရွာ၊ မြင်းကျွန်းကျေးရွာ၊ ရှားတောကျေးရွာများဟာလည်း ရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့ကြရပါတယ်။ ယခု မေးခွန်း မေးမြန်းဖို့ရာအတွက် တင်ပြထားစဉ်မှာပဲ ၎င်းကျေးရွာများရဲ့ အောက်ဘက်မှာရှိတဲ့ ရှားတောကျေးရွာအုပ်စု ထောက်ရှာပင် ကျေးရွာမှာ ၅-၉-၂၀၁၄ ရက်နေ့ကစတင်ပြီးတော့ မြစ်ရေ တိုက်စားပြီး ကမ်းပါးပြိုကျခဲ့ပါတယ်။ ၎င်းကျေးရွာမှာ အိမ်ခြေ(၁၆၇)အိမ်နဲ့ အိမ်ထောင်စုဦးရေ(၇၄၀) နေထိုင်ကြပါတယ်။ ၎င်းကမ်းပါးပြိုကျမှုကြောင့် အိမ်ခြေ(၅၃)လုံးမှာ ဖျက်ပြီးတော့ ပြန်လည် ဆောက်လုပ်ရန် နေရာမရှိသေးတဲ့အတွက် ဖျက်ပြီးတော့ ပုံထားရပါတယ်။ လူဦးရေ (၂၅၃)ဦးမှာလည်းပဲ ဘုန်းတော်ကြီးကျောင်းများနဲ့ အခြားနီးစပ်ရာ အိမ်များမှာ နေထိုင်ကြရပါတယ်။ ယခုနှစ်မှာပဲ ငရုတ်၊ ပြောင်း၊ ပဲမျိုးစုံ စိုက်ပျိုးပြီး စိုက်ဧက (၁၀၀) ခန့်ဟာလည်း ကမ်းပါးပြိုကျရာမှာ ဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းကျေးရွာများမှ စိုက်ပျိုးမြေ ဆုံးရှုံးခဲ့ကြရတဲ့ တောင်သူများမှာ စိုက်ပျိုးလုပ်ကိုင်စားသောက်ရန် မြေနေရာ မရှိတော့ပါသဖြင့် ကြုံရာကျပန်း အလုပ်အကိုင်များ ရှာဖွေ လုပ်ကိုင်ကြရပြီး ဘဝကို ဆင်းရဲပင်ပန်းစွာနဲ့ ရုန်းကန်နေကြရပါတယ်။ ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ပေးပြီးတဲ့နောက်မှာ ဧရာဝတီမြစ် ရေစီးကြောင်း ပြောင်းလဲပြီး မြစ်ရဲ့ အနောက်ဘက်ကမ်းကို ဦးတည်ပြီးတော့ ရေတိုက်စားနေပါသဖြင့် ကမ်းပါးပြိုကျပြီး ရွာလုံးကျွတ် ပြောင်းရွှေ့ရမယ့် အန္တရာယ်နဲ့ စိုက်ပျိုးမြေများ ဆုံးရှုံးပြီး မြေမဲ့ ယာမဲ့ အခြေအနေများသို့ ရောက်ရှိကြရမှာကို ကျေးရွာပြည်သူများ အနေနဲ့ အထူးစိုးရိမ်နေကြပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတားရဲ့ အောက်ဘက်တွင်ရှိတဲ့ မြစ်ကြောင်းတစ်လျှောက်ရှိ ကမ်းနားကျေးရွာများ ကမ်းပါးပြိုကျပြီး စိုက်ပျိုးမြေများ ကျေးရွာမြေများ၊ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းအား ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပခုက္ကူတံတားအဝင် ရေလမ်းကြောင်း ပြောင်းလဲလာတဲ့အတွက်ကြောင့် ဧရာဝတီမြစ် အရှေ့ဘက် ကမ်းက သောင်ဖွံ့ဖြိုးလာပြီးတော့ ရေအနက်စီးကြောင်းသည် မြစ်အနောက်ဘက်ကမ်း ကျေးရွာ (၅)ရွာရဲ့ အခြေမှာကပ်ပြီးတော့ စီးဆင်းကာ ကျွန်းညိုရွာရှေ့မှာ (၈.၃)မီတာ ခန့်ရှိတဲ့ ရေနက်ဦး ဖြစ်ပေါ်လျက်ရှိပြီးတော့ ၂၀၁၃ ခုနှစ် ဇွန်လတွင် ကမ်းပြိုကမ်းစားမှုများ စတင် ဖြစ်ပွားခဲ့ပါတယ်။

အဆိုပါ မိုးရာသီ ရေများချိန်များမှာ ကမ်းပြိုကမ်းစားမှုအား ကာကွယ်ရန် ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလျား(၅၀၀)ပေရှိ အဆင့် (၃)ဆင့်ပါ လှိုင်းကာတန်း နှစ်ခုကို ၂၀၁၃ ခုနှစ် ရေများချိန် ရေများရာသီမှာ တည်ဆောက် ပေးခဲ့ပါတယ်။ ဒါ့အပြင် ကမ်းပြိုကမ်းစားမှု ရေရှည်ထိန်းသိမ်းနိုင်ရန် ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှာ အလျား(၃၀၀)မီတာရှိ သဲရေခင်း မျှောရေကာ (၄)ခုကို ပြည်ထောင်စုသီးသန့် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ (၈၉.၉၈၇၈)သန်းဖြင့် Series အလိုက် တည်ဆောက်ပေးခဲ့ရာ ယနေ့ အချိန်ထိ အဆိုပါ ကျေးရွာများ ရေတိုက်စားကမ်းပြိုမှု ထပ်မံမဖြစ်ပွားတော့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ပခုက္ကူမြို့နယ် ကျွန်းညိုကြီးအုပ်စု ကျတ်တန်းကုန်း ကျေးရွာ ဧရာဝတီမြစ်ရေ တိုက်စားကမ်းပြိုမှု ဖြစ်ပွားနေမှုအား ပို့ဆောင်ရေး ဝန်ကြီးဌာန ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးပေးခဲ့ပြီးတော့ ဆောင်ရွက်သင့်သည့် အစီအမံများအား ရန်ပုံငွေရရှိ၍ မကွေးတိုင်းဒေသကြီး အစိုးရထံ တင်ပြထားဆဲ ကာလ ၂၀၁၄ ခုနှစ် မေလမှာ ဧရာဝတီမြစ်ရေ ၁၂ ပေခန့် မြင့်တက်ခဲ့သဖြင့် ကျတ်တန်းကုန်းကျေးရွာ ရေတိုက်စားကမ်းပြိုမှု ထပ်မံ ဖြစ်ပွားခဲ့ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ရေများချိန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများဖြစ်တဲ့ သစ်ကိုင်းဆွဲ ဝါးဖောင်များကို ရေတောင်ဝှေးများဖြင့် တွဲဖက်ပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပခုက္ကူတံတား အောက် ဧရာဝတီမြစ် အနောက်ဘက်ကမ်းကျေးရွာများဖြစ်သော ကျွန်းညိုရွာ၊ မြင်းကျွန်းရွာ၊ ဘိုကုန်းရွာ၊ သိမ်ကုန်းရွာနဲ့ ရှားတောရွာများ ဧရာဝတီမြစ်ရေ တိုက်စားကမ်းပြိုမှုကို ရေရှည် ထိန်းသိမ်းကာကွယ်ရန် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တည်ဆောက်ပေးခဲ့တဲ့ သဲအိတ်ခင်း မျှောရေကာ (၄)ခုကို ကျောက်ကြီးများဖြင့် ထပ်မံအားဖြည့် ဆောင်ရွက်ရန်နှင့် ကျွန်းညိုကြီးအုပ်စု၊ ကျတ်တန်း ကုန်းကျေးရွာ ဧရာဝတီမြစ် ရေတိုက်စားမှု ရေရှည်ကာကွယ်ရန်အတွက် သောင်တူးခြင်းနှင့် သဲအိတ်စီ Sand Mattress အုပ် Steel Basket ရေကာ (၃)ခု တည်ဆောက်ကာကွယ်ခြင်းလုပ်ငန်းများ

ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်(၅၆၉.၅၁၂၆၄)သန်းတိတိအား ရန်ပုံငွေရရှိရေး မကွေးတိုင်းဒေသကြီး အစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြတောင်းခံခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ပုံငွေ ခွင့်ပြုပေးပါရန် တင်ပြလာမှုအပေါ် အမြန်စိစစ် တင်ပြနိုင်ပါရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့တဲ့အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါ ကျေးရွာရှေ့ရှိ ကမ်းပါးမှာ မတ်စောက်ပြီးတော့ ကမ်းရင်းရေနက်တဲ့အတွက် ကမ်းပြိုမှု ကာကွယ်ရေးအတွက် တင်ပြထားတဲ့ အစီအမံများသည် Steel Basket ကျောက်ဖြည့်ရေကာ များဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုဧရိယာ တစ်ခုလုံးအတွက် လုံလောက်မှု မရှိကြောင်း လျှာထား သောင်တူးလမ်းကြောင်းမှာလည်း ကမ်းပြိုနေသော ကျေးရွာတစ်ခုဖြစ်သည့် မြင်းကျွန်းကျေးရွာသို့ ဦးတည်စေနိုင်တဲ့အတွက် လျှာထားလမ်းကြောင်း ပြောင်းလဲရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ရေလမ်းပိုင်းတွင် ကျတ်တန်းကုန်းကျေးရွာ ကမ်းပြိုမှုကိုသာမက ပခုက္ကူဆိပ်ကမ်းအဝင် ရေလမ်းကြောင်းနှင့် သူကောင်းတည်မြစ်ရေတင်စက် ရေလမ်းကြောင်း ကောင်းမွန်ရေးကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း စစ်ဆေးချက်များအရ တွေ့ရှိရပါတယ်။ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ ကမ်းပြိုကာကွယ်ရေးကိုသာ ရည်ရွယ်ပြီး Steel Basket ကျောက်ဖြည့်ရေကာ တည်ဆောက်ခြင်းမှာ ကုန်ကျစရိတ်များပြားပြီးတော့ ကမ်းပြိုဧရိယာ တစ်ခုလုံး ကာကွယ်မပေးနိုင်တဲ့အတွက် ဆောင်ရွက်ခြင်း မပြုဘဲနဲ့ လက်ရှိရေလမ်းကြောင်းကို ပြုပြင်ခြင်းဖြင့် ရေတိုက်စား ကမ်းပြိုမှုများကို လျော့နည်းသွားအောင် ဆောင်ရွက်သင့်ပြီးတော့ ထိုသို့ ရေလမ်းကြောင်း ပြောင်းလဲရန် ပခုက္ကူတံတားတိုင် အမှတ်(၁၃)အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလမ်းပေါက်သို့ နီးကပ်သော ရေလမ်းကြောင်း တူးဖော်ခြင်းကိုသာ ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်းနှင့် ရေလမ်းကြောင်း ပြုပြင်ရန် သောင်တူးဖော်ခြင်း လုပ်ငန်းအတွက် ခန့်မှန်း ကုန်ကျငွေကျပ် (၂၄၁.၉၄)သန်းကို ခွင့်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီသို့ စိစစ်တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် သမ္မတရုံးမှ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ် ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၏ အောက်ဘက်ဧရာဝတီမြစ်ကြောင်းရှိ ကျေးရွာများ ကမ်းပြိုမှု ကာကွယ်ရန် ပခုက္ကူတံတားတိုင် အမှတ် (၁၃)အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလယ်ပေါက်သို့ ဦးတည်သော ရေလမ်းကြောင်းအလျား (၂၀၀၀) မီတာအတွက် (၂၇၉၇၉၈.၇၅)ကုဗမီတာ သောင်တူးရန် လျာထားခန့်မှန်းကုန်ကျငွေ ကျပ်(၂၄၁.၉၄)သန်းကို ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ သို့ပါ၍ သောင်တူးဖော်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံအတွင်းရှိ မြို့ငယ်များမှ ဘူတာရုံဟောင်းများ အား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည်ပြုပြင်တည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ သံလမ်းထိန်းကျောက်သားများ အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က နိုင်ငံအတွင်းရှိ မြို့ငယ်များမှ ဘူတာရုံဟောင်းများအား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည် ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ သံလမ်းထိန်းကျောက်သားများ အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာချမ်းသာ ကြပါစေလို့ ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ နိုင်ငံအတွင်းရှိ ယခင်ဘူတာရုံအဟောင်းများအစား ပြန်လည်ပြုပြင် တည်ဆောက်ခြင်းနှင့် သံလမ်း ကျောက်သားများ ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့အား မည်သို့ ပြုပြင်တည်ဆောက်ပေးမည်ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ယခင်တည်ဆောက်ထားတဲ့ ဘူတာရုံဟောင်းများဆိုလို့ရှိရင် အထူးသဖြင့် ကျွန်တော်တို့ သိရှိသလောက်ဆိုရင် နှစ် (၅၀)နီးပါး ကြာမြင့်ပြီ ဖြစ်ပါတယ်။ မြို့ငယ်လေးများမှ ဘူတာရုံများကလည်း အလွန်ရုပ်ဆိုးအကျည်းတန်လျက် တွေ့ရပါတယ်။ လူအသွားအလာ ခမ်းခြောက်သွားတဲ့အပြင် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်မှုများလည်း လွန်စွာ အားနည်းနေတာကိုလည်း လက်ရှိတွေ့နေရပါတယ်။ ယခင်အချိန်တုန်းကဆိုလို့ရှိရင် ဘူတာတွေမှာ လူစည်ကားပြီး ဈေးဆိုင်ခန်းများ ရောင်းဝယ်စည်ကားလျက်ရှိတာကိုလည်း သိရှိရပါတယ်။ ယခုအခါမှာတော့ အထူးသဖြင့် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ မြဝတီမြို့ ဘူတာရုံဟောင်းက ပြုပြင်ထိန်းသိမ်းခြင်း မရှိတော့တဲ့အပြင် ခြောက်ကပ်လျက် ပြုပြင်ခြင်း၊ ဆေးသုတ်နိုင်ခြင်း မရှိတော့ပါဘူး။ ၎င်းပြင် ရထား သွားလာခြင်းများအပေါ် ထိန်းသိမ်းတဲ့ ကျောက်သားများကလည်း သံလမ်းတစ်လျှောက်မှာ မရှိတော့ဘဲ မြက်ပင်များ ပေါက်နေတာကို တွေ့နေရပါတယ်။ ဒါကြောင့် ရထားစီးပြည်သူများအတွက်လည်း လွန်စွာအန္တရာယ် ရှိတာကို သိရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Slide နဲ့ ရှင်းပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ လက်ရှိ ဇေယျဝတီမြို့ဘူတာရုံ ရှေ့တည့်တည့် မြင်ကွင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့ မြောက်ဘက်မှာဆိုရင် ဈေးဆိုင်ခန်းများ ရှိပါတယ်။ အဲဒီရဲ့ အောက်ခြေမှာကတော့ အပေါ်ပိုင်းမှာရော၊ ဆိုင်းဘုတ်နေရာမှာ ကျွန်တော် ရိုက်ထားတဲ့ ဓာတ်ပုံလေးက သေးနေလို့ ဆေးသုတ်ထားခြင်းလည်း

မရှိတော့ပါဘူး။ ဘေးက အလံတိုင်ဆိုလို့ရှိရင်လည်း ဒီပုံမှာတော့ မမြင်ရဘူး။ အလံတိုင်ဟာဆိုလို့ရှိရင် တည့်မတ်ခြင်းမရှိဘဲ ယိုင်နဲ့ နေတာကိုလည်း တွေ့ရပါတယ်။ အဲဒီအပြင် အလံတိုင်ရဲ့ထိပ်မှာ နိုင်ငံတော်အလံကိုလည်း လွှင့်ထူထားနိုင်ခြင်း မရှိတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိ အခု မြင်ရတဲ့ ပုံကလည်း ဘူတာရှေ့တည့်တည့် ရန်ကုန်-မန္တလေး အမြန်ရထားများ သွားလာနေတဲ့လမ်း ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျောက်သားမရှိတော့ပါဘူး။ မြက်ပင်နဲ့ အမှိုက်တွေသာ တွေ့နေရပါတယ်။ ဒါ ရန်ကုန်-မန္တလေး သွားတဲ့ ရထားသံလမ်း ဘူတာရှေ့တည့်တည့် လမ်းပုံ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ ကွန်ကရစ်ဇလီဖားတုံးတွေ ချထားပေးပါတယ်။

အခု ပြတဲ့ပုံကတော့ ကျွန်တော်တို့ နိုင်ငံပိုင်ဖြစ်တဲ့ သံလမ်းများအပေါ် ချုံနွယ်များ ပိတ်ပြီးတော့ သံလမ်းများ ရှိ/မရှိ မသိရှိနိုင်တဲ့ ပစ္စည်းထိန်းသိမ်းတဲ့ နေရာမှာ အားနည်းချက်ဖြစ်နေတဲ့ ပစ်စလခက် ထားနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်း အဲဒီပုံ ဖြစ်ပါတယ်။ ဒါက ကွန်ကရစ် ဇလီဖားတုံးနဲ့ သစ်သားဇလီဖားတုံး ညှပ်ပြီးတော့ ခင်းထားတဲ့ အနေအထားဖြစ်ပါတယ်။ သစ်သားဇလီဖားတုံး ဆိုလို့ရှိရင် လွန်စွာဆွေးမြည့်ပြီးတော့ အောက်က သံလမ်းနဲ့ ကျောက်သား ကွာဟချက်ကိုလည်း မျက်မြင်အနေအထားမှာလည်း တွေ့နေရပါတယ်။ ဒါကတော့ အစောက နိုင်ငံပိုင် သံလမ်းများကို ထပ်ထားတဲ့ နေရာရဲ့ ချုံနွယ်ပိတ်ပေါင်းများ ဖြစ်ပါတယ်။ ဒီလိုသာ နိုင်ငံပိုင်ပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်း မရှိဘူးဆိုလို့ရှိရင်လည်း ကျွန်တော်တို့တိုင်းပြည်အတွက် လွန်စွာပဲ ဝမ်းနည်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံအတွင်းရှိ မြို့ငယ်များမှ နှစ်(၅၀)နီးပါးပေါ့၊ ဘူတာရုံဟောင်းများအား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည် ပြုပြင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် သံလမ်းထိန်းကျောက်သားများ မရှိတော့တဲ့အတွက် ရထားအန္တရာယ်ကြီးမားစွာ ကျရောက်လာနိုင်သည့်အတွက် ကျောက်သားများကို ရန်ကုန်-မန္တလေး လမ်းတလျှောက် အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/ မရှိ ကို သိရှိလို၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဇေယျာဝတီမြို့ ဘူတာရုံ ရှေ့တည့်တည့် မြင်ကွင်းပုံ (ခ-၁)



သံလမ်းများအပေါ်၌ ချုံနွယ်ပင်များ ပေါက်ရောက်လျက်ရှိနေသော မြင်ကွင်းပုံ (ခ-၁)




ကွန်ကရစ်ဇလီဖားတုံးနှင့် သစ်သားဇလီဖားတုံး ညှပ်ပြီး ခင်းထားသော မြင်ကွင်းပုံ(ခ-၁)




**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး မှ နိုင်ငံအတွင်းရှိ မြို့ငယ်များမှ ဘူတာရုံဟောင်းများအား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည် ပြုပြင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ သံလမ်းထိန်း ကျောက်သားများ အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ မြို့ငယ်များမှ ဘူတာရုံဟောင်း များအား ခေတ်မီအဆောက်အအုံများဖြင့် ပြုပြင်တည်ဆောက်ပေးနိုင်ရေး ရှိ/မရှိနဲ့စပ်လျဉ်း၍ လက်ရှိမှာ ခရီးသည်နှင့်ကုန်စည် လိုအပ်ချက်ပေါ် မူတည်၍ အချို့ရထားလမ်းပိုင်းများရှိ ရထား ပြေးဆွဲမှုကို နိုင်ငံတော်က စိုက်ထုတ်ကျခံ subsidize ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့မီးရထားမှာ ဘူတာပေါင်း (၉၆၀)ဘူတာ ရှိပြီးတော့ ဘူတာ တစ်ဘူတာအား ခေတ်မီ အဆောက်အဦအဖြစ် အဆင့်မြှင့် ပြုပြင်မယ်ဆိုရင် ဘူတာကြီးငယ်အလိုက် အနည်းဆုံး ငွေကျပ်(၁၅)သန်းမှ (၃၀)သန်းထိ ကုန်ကျမှာ ဖြစ်ပြီးတော့ ခန့်မှန်းငွေ ကျပ်(၂၈.၈)ဘီလီယံခန့် သုံးစွဲရမှာ ဖြစ်ပါတယ်။ ဘူတာများ အဆင့်မြှင့်တင်ရာမှာ ခရီးသည်နှင့်ကုန်စည် ဝင်ငွေ ရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြှင့်တင်ရန် လိုအပ်တဲ့ ရထောင်ဘူတာ၊ ရွှေဘိုဘူတာ၊ အရှေ့ပိုင်း တက္ကသိုလ်ဘူတာ၊ သီလဝါဘူတာ၊ ကုက္ကိုလ်ကုန်းဘူတာ၊ အိုးပေါက်ဘူတာ၊ ချောင်းနက်ဘူတာနှင့် တောင်ချောင်းဘူတာ တို့ကို ဘဏ္ဍာငွေ ကျပ်(၁၂၈.၁၆)သန်းအကုန်ကျခံပြီးတော့ တင်ဒါခေါ်ယူ ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြှင့်တင်ရန် မလိုအပ်သေး သော်လည်း ပြုပြင်ရန် လိုအပ်တဲ့ ဘူတာများဖြစ်တဲ့ မိုးညှင်း၊ မြစ်ကြီးနား၊ ခင်ဦး၊ ကန့်ဘလူ၊ နဘား၊ ပြင်ဦးလွင်၊ ဘဲလင်း၊ ကလော၊ ဟသ်ာတ၊ သာစုကန်၊ လက်ပံတန်း၊ နတ္တလင်း၊ ဝေါ၊ တောင်သာ အပါအဝင် ဘူတာပေါင်း (၅၄)ဘူတာကို ဘဏ္ဍာငွေကျပ် (၇၅.၇၇၅)သန်း အကုန်ကျခံ၍ ပြုပြင်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

သံလမ်းထိန်း ကျောက်များ အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဥ် ရှိ/ မရှိနဲ့ စပ်လျဉ်းပြီးတော့ ရန်ကုန်-မန္တလေးလမ်းပိုင်းဟာ ခရီးမိုင်(၃၈၅.၅)မိုင် ရှိပြီးတော့ သံလမ်းမိုင်အားဖြင့် အစုန်အဆန် (၇၇၁)မိုင် ရှိပါတယ်။ လမ်းခင်းကျောက်က လမ်းပိုင်းတစ်ခုလုံးမှာ သတ်မှတ်စံနှုန်းရဲ့ (၇၅)ရာခိုင်နှုန်း ဖြည့်တင်းပြီး ဖြစ်ပါတယ်။ သတ်မှတ်နှုန်းပြည့်တဲ့ ကွန်ကရစ်ဇလီဖားအောက်မှာ ကျောက်ထုက (၁၁)လက်မ ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လမ်းခင်းကျောက် (၆၅၃၀၀)ကျင်း၊ ၂၀၁၃-၂၀၁၄ မှာ (၄၄၅၂၅)ကျင်း ဖြည့်တင်းခဲ့ပြီး ဖြစ်ပါတယ်။ အခု ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်မှာ လမ်းခင်းကျောက် ဖြည့်တင်းမှု (၃၀၂၀၀)ကျင်း လျာထားရာမှာ ယနေ့ထိ (၁၃၁၀၀)ကျင်း ဖြည့်တင်းပြီး ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး လမ်းပိုင်းကို (၁)နာရီမှာ ကီလိုမီတာ (၁၀၀) ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းအဆင့်မြှင့်နိုင်ရေး စီမံကိန်းကို JICA နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အသေးစိတ်ပုံစံထုတ်ခြင်း၊ Detail ဒီဇိုင်းပြုလုပ်ရန်အတွက် မြေတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်းနှင့် လက်တွေ့သင်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ အဆင့်မြင့် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၅ ခုနှစ်ကနေပြီးတော့ ၂၀၂၃ ခုနှစ်ထိ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဘူတာရုံများပြင်ဆင်ခြင်းနှင့် သံလမ်းထိန်းကျောက် ဖြည့်တင်းခြင်းများအတွက် ကုန်ကျစရိတ်များပြားတဲ့အတွက် ဝင်ငွေရရှိမှု အချိုးအစားအရ ဦးစားပေးစနစ်နဲ့ ပြုပြင်ဆောင်ရွက်နည်း ဆောင်ရွက်နေရခြင်းကို သိရှိနိုင်ပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၀၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး နဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒီဥပဒေမှာ ဥပဒေခေါင်းစဉ်ကိုက ကျွန်တော်တို့က တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ဆိုပြီး တော့ ဖော်ပြထားတာကိုတွေ့တဲ့အခါကျတော့ ဒါဆိုရင် တိုင်းရင်းသားဆိုတာဘယ်သူတွေလဲ ဆိုတော့ ကျွန်တော်တို့ ဒီမှာ Defination ကို ကြည့်လိုက်တော့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုပြီးတော့ တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ ကျွန်တော်တို့တင်ပြလိုချင်တာကတော့၊ ဆွေးနွေး လိုချင်တာကတော့ ဒီအထဲမှာ ဗမာလည်းပါတယ်။

အဲဒီတော့ တိုင်းရင်သားဆိုတာ ဗမာလည်းပါတယ်။ တချို့က တိုင်းရင်းသားဆိုတာ ဗမာ မပါဘူး။ တိုင်းရင်းသားဆိုတာတိုင်းရင်းသားပဲ။ ဆိုပြီးတော့ အဲဒီလိုမျိုးဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့ က ဒီဟာကို တိုင်းရင်းသားလူမျိုးတွေကို ကာကွယ်စောင့်ရှောက်မယ့် ဥပဒေဆိုတာ ခေါင်းစဉ်ကိုက ကျွန်တော့်အနေနဲ့သိပ်ပြီးတော့ ဘဝင်မကျဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ ကျွန်တော်တို့ ဗမာ ပါ ပါနေပြီ ဆိုရင်တော့ ကျွန်တော်တို့ဟာ ဒီအခြေခံဥပဒေစာအုပ်ကြီးဟာ ကျွန်တော်တို့ဗမာအပါအဝင် တိုင်းရင်းသားအားလုံးကို ကာကွယ်စောင့်ရှောက်နေတဲ့ဥပဒေကြီးဖြစ်ပြီးသားပါ။ ဒီအခြေခံဥပဒေထဲမှာ တိုင်းရင်းသား ဆိုတဲ့ စကားလုံး အလုံး(၃၀)ပါတယ်။ အခုဒီဟာကို စောင့်ရှောက်တာ၊ အခု ရေးဆွဲထား တဲ့ ဥပဒေထဲမှာ ပါတဲ့အချက်တွေက၊ တော်တော်များများဟာ အခြေခံဥပဒေတွေထဲက အချက်တွေကို ထည့်ထားတာတွေ့ရပါတယ်။ ဆိုတော့ ဒါကို အခြေခံဥပဒေထဲက နုတ်ပြီးတော့ ဒီထဲ ထည့်လိုက်တဲ့ ဥပဒေကြီးတစ်ခုဖြစ်နေတာ ဖြစ်တဲ့အတွက်ကြောင့် သူ သီးခြားပြဋ္ဌာန်းစရာ လတ်တလောမှာတော့ လိုမလား၊ မလိုဘူးလား ဆိုတာ ကျွန်တော် ဆွေးနွေးတာ ဖြစ်ပါတယ်။

ဆိုလိုတာကတော့ ဥပမာ ဒီမှာပါတဲ့အပိုဒ် ပုဒ်မ ၃ မှာဆိုလို့ရှိရင် အခြေခံဥပဒေပုဒ်မ ၃၅၄ (ဃ)နဲ့ သွားတူတာ၊ ဒီမှာအပိုဒ်(၃)(ဂ)မှာဆိုရင် တိုင်းရင်းသားတို့၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်ရန်ဆိုတာ ဒီမှာ ကျွန်တော်တို့ရဲ့အခြေခံဥပဒေမှာက ၃၅၄(ဃ)မှာ တိုင်းရင်းသား လူမျိုးတို့ရဲ့ချစ်မြတ်နိုးတဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ ဓလေ့ ထုံးတမ်း ဆိုပြီးတော့ ဒါဒီလိုမျိုးအခြေခံဥပဒေနဲ့သွားပြီးတော့ အတူတူပဲဖြစ်နေတယ် နောက် ပုဒ်မ ၄ ဆိုလည်း အခြေခံ ဥပဒေနဲ့ထပ်တူထပ်မျှတူနေတဲ့ဟာတွေ ဒီထဲမှာထည့်ထားတော့ အခြေခံဥပဒေကြီး ထဲမှာလည်း ကျွန်တော်တို့ မြန်မာပြည်မှာရှိတဲ့လူအကုန်လုံးကို ကာကွယ်စောင့်ရှောက်ပြီးသား

ဖြစ်နေတဲ့အတွက်ကြောင့် ဥပမာ ကျွန်တော်တို့က သန်းခေါင်စာရင်းကြီးကလည်းကောက်ပြီးတော့ မြန်မာပြည်မှာရှိတဲ့ လူမျိုးဟာ (၁၀၁)ပါးလား၊ (၁၃၅)မျိုးလား အဖြေမထွက်သေးဘူး။

အဖြေမထွက်သေးတဲ့အချိန်မှာ ကျွန်တော်တို့ ဒီမှာရှိတဲ့ပြည်သူ့လွှတ်တော်ကဆိုရင် မျိုးနွယ်စုဆိုပြီးတော့ အဲဒီလို ထည့်ထားတာတွေရှိတယ်။ ဒါဟာ Spark တစ်ခုဖြစ်နိုင်တယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ကျွန်တော်တို့က ရှောင်ရှားဖို့လိုအပ်မယ် ဥပဒေတစ်ခု ပြဋ္ဌာန်းတဲ့အခါမှာ၊ ဒီလို ဥပဒေ နှစ်ခုဟာလည်း သွားပြီးတော့ အခြေခံဥပဒေနဲ့ သွားပြီးတော့ အတူတူတိုက်ဆိုင်နေတယ်ဆိုရင် ကျွန်တော်တို့ မှီငြမ်းကိုးကားရတဲ့အခါမှာ ဥပဒေရဲ့သဘောတရားအရ နည်းနည်းတော့ရှုပ်ထွေးမယ်။ မလိုအပ်ဘူး။ ဒါကြောင့်မို့ကျွန်တော်က ဆွေးနွေးချင်တာ ကျွန်တော်က တိုင်းရင်းသားဆိုတဲ့စကားက နည်းနည်းတော့ တိုင်းရင်းသားလို့ပြောလိုက်ရင် ဗမာ မပါဘူးလား၊ ပါသလားဆိုတာ နည်းနည်းခက်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အခြေခံဥပဒေပြင်တာတောင်မှ ကျွန်တော်က ဆွေးနွေးမလို့ အခုတည်းက ကျွန်တော် စဉ်းစားထားပါတယ်။ တိုင်းရင်းသားဆိုပြီးတော့ ပြောမယ့်အစား ကျွန်တော်တို့က ပြည်ထောင်စုသား လို့ ပြောလိုက်ရင် ပိုပြီးတော့သင့်လျော်မယ်၊ ပြည်ထောင်စုရှမ်း၊ ပြည်ထောင်စုဗမာ၊ ပြည်ထောင်စုကချင်ပြည်နယ်မှာနေထိုင်သော ပြည်ထောင်စုရဝမ်၊ ဒီလိုမျိုးပြောလိုက်ရင် အားလုံးဟာ ဘယ်သူ့လက်အောက်မှ မဟုတ်ဘူး။ တပြေးညီ ဖြစ်သွားပြီး ဒါပြည်ထောင်စုလို့နာမည်တပ်ဖို့ ပိုပြီးတော့သင့်လျော်တယ်၊ ဒါကြောင့်မို့လို့ ဒါဟာ လတ်တလောမှာတော့ နည်းနည်းစောနေတယ်။ အခြေခံဥပဒေအပြင် တစ်ခါ တို့တာဝန်အရေး(၃)ပါးမှာတောင်မှ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ စကားကိုတောင်မှ ပြည်ထောင်စုသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးလို့ ကျွန်တော်က ပြောင်းချင်တဲ့သူပါ။

ဒါကြောင့်မို့လို့ ဒီခေါင်းစဉ်ကြီးကိုက တိုင်းရင်းသားလူမျိုးများအခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ပေးရေးဥပဒေဆိုတာ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကိုစောင့်ရှောက်မယ်လို့ ဆိုသော်လည်းပဲ ခေါင်းစဉ်ကြီးကိုက ခွဲခြားသလို ဖြစ်ဟန်တူတယ်လို့ ကျွန်တော့်အနေနဲ့ဆွေးနွေးချင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအနည်းဆုံးတော့ ကျွန်တော်တို့ဟာ လူမျိုးတွေဘယ်နှစ်မျိုးရှိလဲ ဆိုတဲ့ လဝက က သန်းခေါင်စာရင်းအဖြေမထွက်သေးခင်အထိတော့ ဒါကိုခေတ္တဆိုင်းငံ့ထားသင့်တယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တိုင်းရင်းသားများ၊ ဗမာ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံမှာနေထိုင်တဲ့ လူအားလုံးကို အခြေခံဥပဒေကြီးက အလုံးစုံ ပြည့်ဝစွာ ကာကွယ်စောင့်ရှောက်ပြီးသား ဖြစ်နေတယ်ဆိုတာကို အခြေခံဥပဒေထဲမှာလည်း ဖော်ပြပြီးဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖျင်းအားဖြင့် ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင်၊ တစ်ခုချင်းဖော်ပြရရင် ပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၄၉ အခြေခံဥပဒေပုဒ်မ ၃၅၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇ ဒီဟာတွေအားလုံး အဲဒီမှာပါတဲ့ အခြေခံဥပဒေမှာပါတဲ့ အချက်တွေအားလုံးဟာ အခုပြဋ္ဌာန်းလိုက်တဲ့ တိုင်းရင်းသားများကာကွယ်ရေး ဥပဒေထဲမှာ ပါနေတဲ့အတွက်ကြောင့် အခြေခံဥပဒေထဲက ယူပြီးတော့ ဥပဒေတစ်ခု သီးသန့်ပြဋ္ဌာန်းပြီးတော့ ဝန်ကြီးတစ်ပါးတောင်းဆိုတာကလွဲပြီးတော့ သိပ်ပြီးတော့ ထိရောက်တယ်လို့ ကျွန်တော့်အနေနဲ့ မမြင်ပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေကို ခေတ္တဆိုင်းငံ့ထားသင့်တယ်လို့ ဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အထူးဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆန္ဒပြုရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က ဦးဂျေယောဝူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အင်္ဂလိပ်လို အနည်းအကျဉ်းသုံးခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ အခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဆွေးနွေးသွားသလိုပါပဲ ခေါင်းစဉ် ဒီဥပဒေနာမည်ကိုက အဲဒီလိုပိုပြီးမှလွှမ်းခြုံတဲ့၊ ပိုပြီးမှ ညီညွတ်စေပြီး တစ်ပေါင်းတစ်စည်းတည်းဖြစ်စေတဲ့၊ ပိုပြီးမှလေးနက်စေတဲ့အသုံးအနှုန်းဝေါဟာရကို ဖြစ်စေရန် အတွက် The Union Law On The Rights Of The Union National Races ဥပမာ Union လို့ ထည့်ပေးလိုက်ခြင်းဟာဆိုရင် ကျွန်တော်တို့ပိုပြီးမှ လွှမ်းခြုံသွားတာ ဖြစ်ပါတယ်။ equality ကိုလည်း ဖော်ဆောင်တာဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား ကျွန်တော် ဒီမှာ များ အားကိုလည်း ထည့်သွင်းချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူက Law ဥပဒေလို့ပြောတဲ့အချိန်မှာ သူက တစ်ခုပဲဖြစ်ပါတယ်။ သူက ပင်မဥပဒေ Law ဖြစ်လို့ ဒါပေမဲ့ သူ့ရဲ့အခွင့်အရေးတွေက အများကြီး ရှိပါတယ်။ ဥပမာ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး၊ ဥပမာတိုင်းရင်းသားများ အခွင့်အရေး၊ ဒီမိုကရေစီ ဒီလိုအခွင့်အရေးတွေက အများကြီးရှိပါတယ်။ ဒါကြောင့် abstract စိတ္တဇနာမ်ဖြစ်ပေမယ့် သူက အသေးစိတ်ပြောတာမဟုတ်လို့ သူက Rights၊ အင်္ဂလိပ်မှာလည်း "s" ထည့်ထားပါတယ်။ ဒါကြောင့် ကျွန်တော်က အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေလို့ ခေါ်တွင်စေရမည်။ ကျန် တာတွေတော့ အဲဒီအတိုင်းပဲ ဖြစ်ပါတယ်။

ကျန်တာတွေလည်း ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာတွေ အားလုံးလည်း ကျွန်တော်က ထောက်ခံပါတယ်။ တစ်နေရာမှာပဲ ကျွန်တော်က နည်းနည်းလေးဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖြည့်စွက်ချင်တဲ့အရာကတော့ ဘာကြောင့်လဲဆိုရင် ကျွန်တော့်တို့ပညာရှင်တစ်ဦးက ပြောပါတယ်။ ကျွန်တော့်ကို Latin လို အနည်းငယ် သုံးခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ORAET LABORA အဲဒီလိုပြောပါတယ်။ ဆိုတာ လုပ်သည်။ LABORA ဆိုတာက လုပ်သည်၊ ORA ဆိုတာက pray ဆုတောင်းတယ်၊ add labora အလုပ်လည်း လုပ်ရမယ်၊ ပြီးတော့ သီအိုရီချည်းပဲ မဖြစ်စေဘဲနဲ့ action plan လည်း ဖြစ်စေသင့် တယ် ဆိုတာကို ကျွန်တော်က ဒါကို နည်းနည်းထည့်သွင်းချင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့က ကူညီစောင့်ရှောက်ရမယ်၊ ကူညီစောင့်ရှောက်ရမယ်ဆိုရင် ကဲ ဘယ်သူ့ကို ကူညီမလဲ ဒါကြောင့် ကျွန်တော်က ၂ မှာ (ဃ)ကို ကျွန်တော်က ဒီလိုလေး ထည့်သွင်းချင်ပါတယ်။ ကျွန်တော်ဒီလိုလေး ထည့်သွင်းချင်ပါတယ်။ ဖြည့်ချင်ပါတယ်။ The vanishing point union

national races ဆိုတာလေး ထည့်သွင်းချင်ပါတယ်။ vanishing ဆိုတာက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားတာ၊ ဒါကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ သတ်မှတ်ခြင်းနှင့် ကူညီစောင့်ရှောက်ခြင်း၊ အဲဒီလိုလေးပေါ့ ဒါလေးတစ်ခု ထည့်သွင်းချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်သူ့လွှတ်တော်မှာလည်း မေးတယ်လို့ပြောတယ်၊ ထရုန်လူမျိုးနဲ့ အိမ်းလူမျိုးလို့ပြောပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာလည်း ရှိပါတယ်။ တခြားမဂျီဝန်လာဆိုတဲ့ လူမျိုးဟာလည်း (၇)ယောက်၊ (၈)ယောက်လောက်ပဲ ရှိတော့တာဖြစ်ပါတယ်။ သူတို့စကား မပြောတော့ဘူး။ နီးစပ်ရာဘာသာစကားကို ပြောတော့တယ်။ သူတို့ဘာသာစကားက ကွယ်ပျောက်သွားပြီ ဖြစ်ပါတယ်။

ဥပမာ ဆလုံလူမျိုးတွေကလည်း သူတို့ ဖြည်းဖြည်း၊ ဖြည်းဖြည်းနဲ့ ဒီလိုပဲပျောက်ကွယ် သွားနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ဒါကိုကျတော့ နိုင်ငံတော်က ဒီဥပဒေအားဖြင့် သူတို့ကိုကာကွယ် စောင့်ရှောက်ပေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ၃(င) ကလည်း အဲဒီအတိုင်းပါပဲ။ ကျွန်တော်တို့ နဂိုဥပဒေကြမ်း အတိုင်းပါပဲ။ နောက် (စ) ၃မှာ ပုဒ်မငယ် (စ)မှာ ကျွန်တော်အခုန ကျွန်တော် ပြောလိုက် ပြီဖြစ်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ ပျောက်ကွယ်လုနီးပါး ဖြစ်တဲ့ vanishing point national union races ကို အထောက်အကူပြုတဲ့ (စ) ပျောက်ကွယ်လုနီးပါးဖြစ်သော ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများအား မိမိတို့ကိုယ်တိုင်ရပ်တည်လာနိုင်သည်အထိ နိုင်ငံတော်မှ၊ အဘက်ဘက်မှ ကူညီ ဆောင်ရွက်ခြင်းဆိုပြီးမှ ကျွန်တော်ထည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့က လူပေါင်း (၂၀)၊ (၃၀)လောက် ဖြစ်လာတဲ့အချိန်မှာ ကိုယ့်စီးပွား၊ ကိုယ် ကိုယ်တိုင် ကိုယ့်ခြေပေါ် ရပ်တည်လာ နိုင်တဲ့ အထိပေါ့ ဘယ်နှစ်နှစ်ဖြစ်မှာတော့ ဒါ နိုင်ငံတော်အသိဆုံး ဖြစ်ပါတယ်။ အမြဲတမ်း ထာဝရ ကူညီ ရမယ်လို့ မပြောလိုပါဘူး။

ဒီဥပဒေလေးကို ကျွန်တော်က ထည့်သွင်းချင်ပါတယ်။ (ဆ)ကလည်း အတူတူပါပဲ။ ဒါကတော့ အတူတူပဲ။ ၄(ခ) မှာလည်း (ခ)တစ်ခု ကျွန်တော်က တိုးချင်တယ်။ ရှေ့ရော၊ နောက်ရော ညီအောင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းစဥ်လာများ ပြုစုပြဌာန်းခြင်းနှင့် ၎င်းဒေသကြီးနှင့် ပြည်နယ်များ၌ ဥပဒေကဲ့သို့ အာဏာတည်စေခြင်း၊ ၎င်းဥပဒေသည် အခြားဥပဒေများ၌၊ အခြားဒေသများ၌ အကျိုးသက်ရောက်ခွင့်မရှိစေရ ဥပမာ ကျွန်တော်တို့ ကချင် ပြည်နယ်မှာဆိုရင် ကချင်ရိုးရာရှိပါတယ်။ အဲဒီမှာ လူသေမှု၊ လူသတ်မှု ဖြစ်တယ်။ နွားခိုးမှု ဖြစ်တယ်ဆိုရင် ကျွန်တော်တို့က ရိုးရာနဲ့ပတ်သက်ပြီး ဒါ သူလည်း ကျေနပ်သွားပြီ။ ရှဝရှား လိုက်တယ်လို့ ဆိုပါစို့။ အဲဒီဟာက ကချင်ပြည်နယ်မှာက ဥပဒေလိုဖြစ်ပါတယ်။ အားလုံးလည်း လက်ခံတယ်ဆိုတော့ ဒီကချင်ရိုးရာကို လည်း ကျွန်တော်တို့က ဥပဒေကဲ့သို့ပဲ အာဏာတည်အောင် ကျွန်တော်တို့က ရှာဖွေမယ်၊ သို့မဟုတ် ဝန်ကြီးဌာနက ရှာဖွေမယ်လို့ ဒါကိုဥပဒေအတိုင်း ပြဌာန်းမယ် ဆိုရင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ် နေရာတကာမှာလည်း ဒီလိုအကျိုးသက်ရောက်သွားမယ်ဆိုရင် ကျွန်တော်တို့ ပိုပြီးမှ၊ အဝိုင်းအဝန်း ပိုပြီးမှ လေးနက်သွားမယ်လို့ ကျွန်တော် ဒီလိုယူဆလို့၊ ထင်လို့ ကောင်းတယ်လို့ ကျွန်တော် ဒီလိုဖြည့်စွက်ချင်ပါတယ်။

(ဂ)မှာကတော့ အဲဒီအတိုင်းပါပဲ။ မိမိတို့၏စကား၊ စာပေကို နိုင်ငံတော်၏ ပညာရေး မူဝါဒအား ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့်သင်ယူခွင့် ရှိသည်ဆိုတဲ့ အဲဒါကို ကျွန်တော်

နည်းနည်းလေး ဖြည့်စွက်ချင်ပါတယ်။ အဲဒါက ဘယ်လိုဖြည့်စွက်ချင်သလဲဆိုရင် (၂၀)ရာခိုင်နှုန်း အထက်ရှိသော ကျောင်းသူ/ကျောင်းသား ပြည်ထောင်စုဘာသာစကားများကို သော်လည်းကောင်း၊ အနည်းဆုံးမူလတန်း ပညာပြီးဆုံးသည်အထိ သင်ကြားခွင့်ရှိသည်။ ဆရာ/ဆရာမများကို ပညာရေး ဝန်ကြီးဌာန နှင့် စရိတ် ချီးမြှင့်ငွေများ ပေးရမည်၊ ချီးမြှင့်ရမည်။ ပြောချင်တာက action ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးကျောင်းမှာကိုပါ သင်ကြားခွင့်ပြုတယ်။ ဘာကြောင့် တိုင်းရင်းသားတွေ ဘာသာစကားကို မြှင့်တင်ပေးမယ်လို့ ကျွန်တော်တို့က ဥပဒေမှာလည်း ပြောဆိုထားပါတယ်။

ဒါကြောင့် ဒီစာသင်တဲ့အချိန်မှာ one subject ပေါ့ minor ဖြစ်လာမှာပေါ့။ သူက major ကျွန်တော်မြန်မာစာ ဖြစ်ပါတယ်။ အင်္ဂလိပ်ဖြစ်ပါတယ်။ ဒါ major ဖြစ်ပါတယ်။ minor က ဥပမာဆိုပါစို့၊ ကျွန်တော်တို့ကချင်ပြည်နယ် ဖားကန့်ဒေသမှာ ဆိုပါစို့။ အဲဒီကျောင်းတစ်ကျောင်းကို လူဦးရေ တွက်လိုက်တဲ့အချိန်မှာ ကချင်များမယ်၊ ရှမ်းများမယ်၊ ရခိုင်များမယ်။ ဒါဆို အဲဒီဘာသာစကား (၃)ခုလုံး ကို ကျွန်တော်တို့က minor subject အနေနဲ့ ကိုယ့်ဘာသာကို သင်ကြားခွင့် အဲဒီဟာကို မူလတန်း အဆင့်ပြီးဆုံးတဲ့အထိ ဥပမာမွန်ပြည်နယ် သထုံမှာဆိုရင် မွန်၊ ပအိုဝ်း၊ ကရင်ပေါ့။ ရှမ်းပြည်နယ်မှာဆိုရင်၊ ကွတ်ခိုင်မှာဆိုရင် ရှမ်း၊ ကချင်၊ ပလောင် အဲဒီလိုစကား ကျောင်းသားလေးတွေ နဲ့ ခွဲခြားသွားမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပိုပြီးမှ အဝိုင်းအဝန်းနဲ့ ကျယ်ပြန့်သွားမှာဖြစ်ပါတယ်။ တစ်ဦးစီ ရဲ့ Even Chance ပေါ့။ ဒါ ညီမျှသော အခွင့်အရေးလည်း ရရှိသွားမယ်လို့ ယူဆလို့ ဒါလေး ဖြည့်သွင်းချင်ပါတယ်။

(ဃ)ကလည်း အလားတူပါပဲ။ မိမိတို့၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်။ အဲဒီမှာကျွန်တော်က နည်းနည်းလေးထပ်ပြီးမှဖြည့်စွက်ချင်တာက အမျိုးသားနေ့များနှင့် ပြည်နယ်နေ့များတွင် သက်ဆိုင်ရာ ဒေသအလိုက် ရုံးပိတ်ရက်သတ်မှတ်ပေးရမည်။ ဥပမာ ကချင်ပြည်နယ်မှာဆိုရင် ကျွန်တော်ကချင်ပြည် နယ်မှာဆိုရင် မနောပွဲများကျင်းပတယ်။ ဒါပေမဲ့ ကျောင်းတွေကတော့ ဖွင့်တယ်၊ ရုံးတွေလည်း ဖွင့် တယ်ဆိုတော့ ဒါ ပြည်နယ်ရဲ့နေ့ကို အလေးမထားရာရောက်ပါတယ်။ ဒါကြောင့် ပြည်နယ်ရဲ့နေ့ရက်မှာ ကိုတော့ ရုံးပိတ်ရက်လေးသတ်မှတ်ပြီးတော့ ဒါကိုအလေးထား ဖြစ်စေချင်လို့ ကျွန်တော်က ထည့်သွင်း ချင်ပါတယ်။ (င)ကတော့ ကျွန်တော်တို့ နဂိုအတိုင်းပါပဲ။ မိမိတို့စာပေအနုပညာ (စ)နဲ့ အတူတူပဲ။ (ဆ) လည်း နဂို မူကြမ်းအတိုင်းပဲ ဖြစ်ပါတယ်။

(ဇ)လည်း အဲဒီအတိုင်းပါပဲ။ (ဈ)မှာ ကျွန်တော်ဖြည့်စွက်ချင်တာ ရှိပါတယ်။ မိမိ၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း ဒီလို ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်က တစ်ဆက်တစ်စပ်တည်းမှာ ရှေးဟောင်းအမွေအနှစ်သတ်မှတ်ခြင်း၊ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများပိုင်ဖြစ်ပါက တိုင်းရင်းသားလူမျိုး အချင်းချင်း၌သာ လွှဲပြောင်းရောင်းချခွင့်ရှိသည်။ နိုင်ငံသားပြုခွင့်ရသူများ၊ ဧည့်နိုင်ငံသားများနှင့် အခြားနိုင်ငံခြား ခရီးသွား ဧည့်သည်များကို ရောင်းချပိုင်ခွင့် မရှိ။ တကယ်လို့များဒါကို ရှေးဟောင်း အမွေအနှစ် လို့၊ အိမ် ဥပမာဆိုပါစို့၊ မြို့လယ်မှာရှိတဲ့ ရန်ကုန်မြို့အလယ်တို့လို့၊ မန္တလေးမြို့အလယ်တို့လို တိုင်းရင်း သားတွေပိုင်ထားတဲ့အိမ်အိုဟောင်းမှာဆိုရင် နှစ်ပေါင်း (၁၀၀)ကျော်ရှိပြီ။ ဒါကို နိုင်ငံတော်က ရှေးဟောင်း အမွေအနှစ်သတ်မှတ်ပေးတယ်။ ပိုင်ရှင်ကတော့ တိုင်းရင်းသားပါပဲ။ အဲဒီလိုနေထိုင်တယ်။

ဒါပေမဲ့ တိုင်းရင်းသားမှာတော့ သူ့သား၊ သမီး၊ မြေး၊ မြစ် တွေကတော့ ဒါကိုမထိန်းသိမ်းနိုင်တော့ဘူး၊ ရောင်းလိုက်တော့မယ်ဆိုရင် ငွေရှင်ကြေးရှင်တတ်နိုင်တဲ့ ဒီ ပြည်ပက Investment လာလုပ်တဲ့ သူတွေသာ ဝယ်နိုင်မှာဖြစ်တယ် အများစုက။ ဒါကို နိုင်ငံတော်က ဥပဒေအရ ကာကွယ်ပေးနိုင်တယ်ဆိုပါမှ ဒါဟာတည်တံ့ခိုင်မြဲနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားအချင်းချင်းကျတော့ အိုကေ ရောင်းလို့ရပါတယ်။ ဥပမာ ကနေဒါနိုင်ငံဆိုရင် ကနေဒီးယန်း၊ ဒါ ကနေဒီးယန်းတွေရဲ့ နယ်မြေတွေကို လူဖြူတွေတောင် ဝယ်လို့ မရပါဘူး။ အင်္ဂလိပ်လူမျိုးတွေတောင်ဝယ်လို့မရပါဘူး။ အမေရိကား၊ နယူးယောက်မှာရှိတဲ့ ရက်စ်အင်ဒီးယန်းတွေရဲ့အိမ်တွေကို အမေရိကန် တခြား အိုင်းရစ်(စ်) တခြား လူမျိုးတွေ တခြားအမေရိကန်တွေ၊ အာဖရိကန်တွေ ဝယ်လို့မရပါဘူး။ ဘယ်လောက်ချမ်းသာ၊ ချမ်းသာဝယ်လို့ မရပါဘူး။

ဥပဒေအားဖြင့် ကာကွယ်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်စေချင်ပါတယ်။ ဒါမှမဟုတ်ရင် ကျွန်တော်တို့ နိုင်ငံဟာဆိုရင် ဒီမြေကတိုးလာတာမရှိတော့ တခြားတိုင်းရင်းသားအိမ်တွေကို တိုင်းရင်းသားတွေက ဘေးရောက်ပြီးမှ၊ ဟိုးဇနပုဒ်ထဲ ရောက်ပြီးမှ ငွေရှင်ကြေးရှင်တွေပဲ ကျွန်တော်တို့ရဲ့ မြို့တွေကို၊ မြို့ရဲ့အထင်ကရနေရာတွေကို ရယူသွားကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာလည်း ကျွန်တော်က ထည့်သွင်းလိုပါတယ်။

(ဈ)မှာကျတော့ ပြည်ထောင်စုတိုင်းရင်းသားအမွေအနှစ်သတ်မှတ်ခံရသော ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အယူအဆ၊ ယုံကြည်ချက်အဆောက်အအုံများနှင့် သမိုင်းဝင်နယ်မြေများအား လေးစားရမည်။ သရော်လှောင်ပြောင်ကျီစယ်ခြင်း၊ ရှုတ်ချခြင်းမပြုရဆိုပြီးမှ သူတို့ကိုလည်း ထိန်းသိမ်းကာကွယ်ပေးခြင်း ဖြစ်ပါတယ်။ Knowing one language is loving one nationality လို့ပြောပါတယ်။ လူတစ်ဦးရဲ့စကားကို သိခြင်းဟာဆိုရင်၊ လူနာမည်ကိုသိခြင်းဟာဆိုရင် အဲဒီလူ၊ အဲဒီနာမည်ကို ချစ်ခြင်းဖြစ်ပါတယ်။ knowing the name is the first step of wisdom ပြောပါတယ်။ နာမည်ကို တိတိကျကျသိခြင်းဟာဆိုရင် ပညာပါရမီတစ်ခု ပထမအဆင့်တစ်ခုဖြစ်ပါတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒါကိုလည်း (ည)အဖြစ် ထည့်သွင်းချင်တာကတော့ ပြည်ထောင်စုတိုင်းရင်းသားတစ်မျိုးအားသော်လည်းကောင်း၊ ရပိုင်ခွင့်အားသော်လည်းကောင်း၊ အခွင့်အရေးများကိုသော်လည်းကောင်း၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများကိုသော်လည်းကောင်း ယင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးတို့၏ သဘောတူညီချက် မရှိဘဲ မမှန်မကန်ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် အသံလွှင့်၊ ထုတ်လွှင့်ခြင်းများမပြုရဆိုပြီးမှ ကျွန်တော်တို့က ဒါ သဘောတူညီတယ်ဆိုရင်တော့ အဲဒီပြည်ထောင်စုတိုင်းရင်းသားလူမျိုးတို့က ထုတ်လွှင့်ပါဆိုရင် ကျေးဇူးတော့တင်ပါတယ်။

ဒါပေမဲ့ ဒီမှာက ဘယ်လိုဖြစ်လာနိုင်သလဲဆိုရင် အဲဒီလူတစ်ဦး၊ တစ်မျိုးကို နှိမ့်ချချင်လို့၊ ရှုတ်ချချင်လို့၊ မမှန်မကန်ဖော်ပြလိုလို့ သဘောတူညီချက်မရယူဘဲနဲ့ ဒါ ထုတ်နှိပ်လိုက်တယ်၊ ရေးသားလိုက်တယ်၊ ဖော်ပြလိုက်တယ် ဒီမှာသာဓကတွေလည်း အများကြီးရှိပါတယ်။ အဲဒီတစ်ချိန်မှာ တိုင်းရင်းသားတစ်မျိုးနွယ်စုလုံးကို ထိခိုက်နိုင်တာမိုလို့ ကျွန်တော်တို့ ဒါကိုလည်း ဥပဒေအားဖြင့် ပြဋ္ဌာန်းချင်ပါတယ်။ ကျွန်တော်တို့ အခုဆိုရင် 1915 ကနေ 1920 အထိ လေ့လာခဲ့ပြီးမှ 2005 မှာ Tribes of Burma လို့ ရေးခဲ့ပါတယ်။ နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာရော ညီလာခံအရ ကျွန်တော်တို့ လီဆူးမှာလည်း လီဆူး၊ လီရှော၊ ခေလီရှော၊ ရောရင်း ဆိုပြီးမှ ကျွန်တော်တို့ ဒီလိုပဲ

သတ်မှတ်ခဲ့ပါတယ်။ ဒါပေမယ်လို့ အခုနကျွန်တော် ဆိုရှယ်လစ်လမ်းစဥ်ခေတ်မှာ ဒေါက်တာ မောင်မောင်ကတော့၊ သမ္မတကြီးကတော့ ကျွန်တော်တို့ လီဆူးလို့ ခေါ်တွင်စေရမယ်လို့ ညီလာခံကနေ ဆုံးဖြတ်ပေးပါတယ်။

ကျွန်တော်တို့ ညီလာခံကနေလည်း လီဆူပဲခေါ်ရမယ်လို့ သတ်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့ သန်းခေါင်စာရင်းမှာတော့ ကျွန်တော်တို့ လီဆူးတော့ လီဆူးပါပြီးမှ လီရှောပဲ ခွဲထုတ်လိုက်ပြီးမှ လီရှောကို ကန့်သတ်လူမျိုးထဲထည့်ပေးလိုက်တာကို ကျွန်တော်တို့လီရှောကို လီရှောနဲ့လီဆူးကို ခေါ်ဝေါ် တာကတော့ အတူတူပါပဲ။

တိုင်းရင်းသားအချင်းချင်းခေါ်တာကတော့ လီရှောပါပဲ။ ဟုတ်သလားဆိုရင်တော့ သူတို့က ဗမာစကားလည်းကောင်းကောင်းမပြောတတ်တော့ ဟုတ်ကဲ့ အဲဒီလိုပဲ ပြောလိုက်ပါတယ်။ ပြန်ခုခံချေပနိုင်စွမ်းမရှိပါဘူး။ ဘာသာစကားက မရတော့၊ ဒါကြောင့် ရှမ်းပြည်မှာဆိုရင်လီရှောလို့ အခေါ်ခံရတယ်။ အဲဒီအချိန်မှာ ဟုတ်သလားဆို ဟုတ်ကဲ့ အဲဒီလိုပဲပြောလိုက်တယ် အမှန်ဆို အချင်းချင်းတာချီလိတ်က လီဆူတစ်ယောက်ကို ပူတာအိုက လီဆူတစ်ယောက်နဲ့တွေ့ကျတဲ့ နုဝါအရှီရှိငါး လို့ အဲဒီလို ကျွန်တော်ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာ ငွာညယ်လီဆူရှိငို အဲဒီလိုပြောပါတယ်။ အချင်းချင်းပြောတဲ့အချိန်မှာ ငွာညယ်လီချော လို့ မပြောပါဘူး။ အဲဒါကြောင့် လီဆူး အဲဒါကို ကန့်သတ် လိုက်တာကျွန်တော်တို့ အခုနကပြောတဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ တိုင်းရင်းသား အခွင့်အရေးကျွန်တော်တို့ဆုံးရှုံးပါတယ်လို့။ ကျွန်တော်က ဒီဥပဒေကို ကျွန်တော်က ထည့်သွင်းပြဌာန်းချင်တာဖြစ်ပါတယ်။

(၄)အနေနဲ့ကတော့ မိမိတို့၏ အမျိုးသားယဥ်ကျေးမှုအမွေအနှစ်နဲ့သက်ဆိုင်သော ရိုးရာအဝတ်အစား၊ အသုံးအဆောင်၊ ဂီတပညာ မူပိုင်ခွင့်နှင့်ပိုင်ဆိုင်ခွင့် ကျွန်တော်ဒီမှာ copy right နဲ့ ဟိုဟာကို ပြောချင်တာဖြစ်ပါတယ်။ ဒီ ownership ပေါ့ အဲဒါကို ပြောချင်တာ။ ရောင်းဝယ်ဖောက်ကားခွင့်ကို ယင်းပြည်ထောင်စုတိုင်းရင်းသား လူမျိုး၌သာရှိစေရမည်၊ အဲဒါလေးကိုလည်း ကျွန်တော် ထည့်သွင်းချင်ပါတယ်။ နောက်ပြီးတော့ (၅)ကတော့ ဒီအတိုင်းပါပဲ။ ဒါပေမဲ့ ကျွန်တော် နည်းနည်းလေး အခုန ဥပဒေကြမ်းကော်မတီနဲ့ နည်းနည်းလေး အဲဒီတစ်ခုလေးပဲ အတူတူတော့အတူတူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကို highlight လုပ်ချင်သောအားဖြင့် ကျွန်တော်က ဒါလေးကို ပြင်ချင်တာဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုရင် မည်သူမဆိုတိုင်းရင်းသားလူမျိုးတို့၏ ဒေသ၌ စီမံကိန်းဆောင်ရွက်လိုပါက ဒေသခံ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးတို့ကို စီမံကိန်းအား ပွင့်လင်း မြင်သာစွာချပြပြီး ဒေသခံများသည် ကနဦး stake holder အစုရှယ်ယာဝင်များ ဘာကြောင့်လဲဆိုရင် သူတို့လည်း အမြဲတမ်းရှေးဟောင်း ဖြစ်ရင်လည်း ဖြစ်မယ်။ သူတို့ရဲ့ သစ်ပင်၊ ဝါးပင် fauna and flora ဖြစ်ပါတယ်။

သူတို့နေထိုင်ကြီးပြင်းတဲ့ဒေသလည်းဖြစ်ပါတယ်။ အဲဒါ သူတို့ရဲ့ ဒေသအရင်းအနှီးလည်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့က stake holder များဖြစ်တယ်ဆိုတာကို သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ဘယ်လုပ်ငန်းမဆို၊ ဒါကြောင့် မှတ်ယူ၍ cooperate social responsibility ဆိုတဲ့ ဒေသခံတွေကိုလည်း တာဝန်ခံစေရမှာဖြစ်ပါတယ်။ နောက် အကျိုးအမြတ်လည်း ဒေသခံတွေလည်း အချိုးကျကျ၊ ဒီလိုခံစားခွင့်ရတဲ့ဥစ္စာ၊ ဒါကိုသူတို့က သဘောပေါက်သွားမှ၊ သူတို့က socialism

သဘောတူမှာ ဖြစ်ပါတယ်။ သဘောတူညီမှုသာလျှင် ကျွန်တော်တို့က ဆောင်ရွက်ခွင့်ရှိတယ် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဒါလေးကိုလည်း ဖြည့်စွက်ချင်ပါတယ်။ ဆိုလိုသည်မှာ အစိုးရဒေသခံ လုပ်ငန်းရှင်များ tripartite ပေါ့။ သုံးပွင့်ဆိုင် အကျိုးရှိတဲ့စီမံကိန်း၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့စီမံကိန်း ဖြစ်စေချင်တာ ဖြစ်လို့ဖြစ်ပါတယ်။

နောက်တစ်ခုထည့်သွင်းချင်တာကတော့ (၃)ပေါ့။ အဲဒီမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်း၌ ၎င်းဒေသတွင်နေထိုင်ကြသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးတို့၏ သက်ဆိုင်သော Museum ပေါ့၊ ပြတိုက်ပေါ့၊ တစ်ခုစီတည်ထောင်ပေးခြင်း၊ အဲဒီမှာဒေသတစ်ခုမှာဆိုရင် ဒီဒေသမှာနေထိုင်တဲ့ လူမျိုးတွေရဲ့ ပြတိုက်ပေါ့၊ သူတို့ရဲ့ History၊ သူတို့ရဲ့ ဒါကိုဆိုရင် သူတို့ရဲ့ ဥက္ကဋ္ဌကြီး ဒီမှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးရဲ့ဝတ်စုံကို ကျွန်တော် စသယ်လာတဲ့အခါ၌ နာယကကြီးစပြီးမှ ကျွန်တော် ဆွေးနွေးတဲ့အခါမှာ နာယကတာဝန်ယူစဉ်မှာ ဒါလေးဖြစ်လာတဲ့အခါမှာ ဒါကို ကျွန်တော် ပြန်သတိရလို့ ဒါကတော့ တိုင်းရင်းသားတို့ရဲ့ စည်းလုံးညီညွတ်မှု ဖြစ်လာမယ်လို့ ကျွန်တော်က ယူဆလို့ တိုင်းရင်းသားများရဲ့ Museum ကို ပြည်နယ်/တိုင်း တိုင်းဒေသကြီးတိုင်းမှာ ကျွန်တော်တို့က တည်ထောင်ပေးဖို့ ကျွန်တော့်အနေနဲ့ ဒါကိုဆွေးနွေးလိုတာ ဖြစ်ပါတယ်။ ကျန်တဲ့ (ပ)ကတော့ ဒီအတိုင်း ပါပဲ။ မပြောင်းလဲပါဘူး။ သူက(ဈ)ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်အခုဒီလိုပြောရင်းနဲ့ နိဂုံးမချုပ်ခင်မှာ ဥက္ကဋ္ဌကြီးကို ကျွန်တော့်အနေနဲ့ဂုဏ်ပြုစကားအနည်းငယ် ခွင့်တောင်းချင်ပါတယ်။

အခု ကျွန်တော်တို့ U-19 ပေါ့လေ ဆီမီးဖိုင်နယ်ကို တက်သွားတာဟာဆိုရင် လွန်ခဲ့တဲ့ အဌမ အကြိမ်အစည်းအဝေးမှာ ဒီ ကျွန်တော်တို့ Asean Games ကို evaluation လုပ်ရင်းနဲ့ တပ်မတော်သားကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းတွေထုတ် ဆွေးနွေးတဲ့ အချိန်မှာ ကျွန်တော်တို့ ကမ္ဘာ့အဆင့်မီလာဖို့အတွက် ကျွန်တော်တို့ ကြိုးစားကြရအောင်လို့ အဲဒီလို တိုက်တွန်းဆွေးနွေးပါတယ်။ အဲဒီအချိန်မှာ အခုဒီ 11 session ရောက်လာတော့ ကျွန်တော်တို့ ကျားကုတ်ကျားခဲကြိုးစားပြီးမှ ကျွန်တော်တို့ U-19 အားကစားသမားတွေဟာဆိုရင် world cup ဆီမီးဖိုင်နယ်ကို တက်သွားတာမို့လို့ world cup ကျွန်တော်တို့ရဲ့ mile stone ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ milestone world cup သို့ ရောက်ရှိသွားတာဖြစ်ပါတယ်လို့ U-19 က၊ ဒါကြောင့် ကျွန်တော်တို့ U-19 က ကျွန်တော်တို့နိုင်ငံတော်ကို ဂုဏ်တက်စေတာ ဖြစ်ပါတယ်။ ဒါကြောင့် U-19 ကစားသမားများနဲ့ ဆရာသမားများအဖွဲ့အစည်းကို ကျွန်တော်တို့ နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းများ အားလုံးကိုလည်း ကျွန်တော်တို့ အထူးသဖြင့်တော့ ကစားသမားတွေကို အမျိုးသား လွှတ်တော် ဒီနေရာကနေ ဂုဏ်ပြုပြီးမှ ဆက်လက်ပြီးမှ ချန်ပီယံဖလားတွေကိုလည်း ရရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါရစေ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှေးဟောင်းပစ္စည်းလွှဲပြောင်းရောင်းချခြင်းကတော့ ရှေးဟောင်းပစ္စည်း ဆိုင်ရာ ဥပဒေ သပ်သပ် ရှိပါတယ်။ ဒီမှာထည့်ဖို့ မလိုပါဘူး။

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဟုတ်ကဲ့ပါ။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညား အောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လွှတ်တော်ပညာရှင်အဖွဲ့ဝင်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုဆွေးနွေးတင်ပြရာမှာ လိုအပ်လျှင် အင်္ဂလိပ်ဘာသာစကား သုံးခွင့်ပြုရန် ကြိုတင် တင်ပြအပ်ပါတယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ကတည်းက တိုင်းရင်းသားလူမျိုးများအရေးနဲ့ ပတ်သက်သော အဆိုတင်သွင်းခွင့်ရရန် ကျွန်တော် တင်ပြခဲ့ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးအချိန်မှာ ကိုယ်ပိုင်တင်သောဥပဒေကြမ်း (Private Bill )အဖြစ် တင်ပါလို့ ဥက္ကဋ္ဌကြီးက လမ်းညွှန်မှုပေးခဲ့တဲ့အတိုင်း ကျွန်တော် ကြိုးစားပြီး တိုင်းရင်းသားလူမျိုးများရေးရာဥပဒေကြမ်းကို ကိုယ်တိုင်ရေးပြီး တင်ပြခဲ့ပါတယ်။ အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ စတုတ္ထနေ့ အစည်းအဝေးမှာ ထိုဥပဒေကြမ်းကို တင်ပြရန် ဥက္ကဋ္ဌကြီး ခွင့်ပြုပေးလို့ ကျွန်တော် ရေးထားသမျှ အပြည့်အစုံကို လွှတ်တော်မှာ တင်ပြခဲ့ပါတယ်။ ကျွန်တော်တင်ပြခဲ့ပြီး တဲ့နောက် ချက်ခြင်းပဲ ဥက္ကဋ္ဌကြီးက ကျွန်တော် ဥပဒေကြမ်းကို ဝေဖန်သုံးသပ်ခဲ့ပါတယ်။ အားနည်းချက်၊ လိုအပ်ချက်ကို ထောက်ပြခဲ့ပါတယ်။

ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းတိုင်ပင်ရန်လည်း အကြံပြုပြီး အမျိုးသားလွှတ်တော်မှာ လက်ခံဆွေးနွေးရန် သင့်၊ မသင့်ကို အဆုံးအဖြတ်မယူဘဲ ဆိုင်းငံ့ထားရန် ဥက္ကဋ္ဌကြီးက ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုဆုံးဖြတ်တာဟာ ဥပဒေကြမ်းက ဆက်သွားနေမည့်သဘော လုပ်ငန်းကတော့ on going ဆက်ပြီး လုပ်နေတဲ့လုပ်ငန်းအဖြစ် သတ်မှတ်တယ်လို့ ဥက္ကဋ္ဌကြီးက ဆက်ပြီးရှင်းပြပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ ဆုံးဖြတ်ချက်အမှတ် ၈-၃/၂၀၁၂ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဥက္ကဋ္ဌကြီးရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်အားရစွာပဲ ကျွန်တော် လက်ခံခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဥက္ကဋ္ဌကြီးရဲ့ အမျှော်အမြင်နဲ့ စေတနာကိုကျွန်တော် နားလည်လို့ ဖြစ်ပါတယ်။ နားလည်မှုရှိကြရန်အတွက် အချိန်ယူရန်လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ မလှုပ်ရှားဘဲ စောင့်ဆိုင်းနေခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဥက္ကဋ္ဌကြီး ရှင်းပြတဲ့နေရာမှာ ဥက္ကဋ္ဌကြီးရဲ့ စကားသြဝါဒက အရေးကြီးတာတော့ လိုလားချက်ရဖို့က အရေးကြီးပါတယ်။ ဘယ်ပုံစံနဲ့ပဲလုပ်လုပ် လိုလားချက်ရဖို့ အရေးကြီးပါတယ်လို့ ဥက္ကဋ္ဌကြီး ပြောသွားပါတယ်။ အဲဒါကို ကျွန်တော့်အနေနဲ့ကတော့ သြဝါဒရယ်လို့ သတ်မှတ်ပါတယ်။ ဒီကနေ့အထိ ကျွန်တော် ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ သတ်မှတ်ပါတယ်။

နောက် ကျွန်တော်ဆွေးနွေးချင်တာက ဘာလဲဆိုတော့ ဒီဥပဒေမှာ ခြုံပြီးတော့ ကျွန်တော်ဆွေးနွေးချင်တာက ဒီဥပဒေဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ အချက်အလက်နဲ့ ကိုက်ညီနေတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မိခင်ဥပဒေဖြစ်တယ်။ ဒီတိုင်းရင်းသားလူမျိုးများ ကာကွယ်ရေးဥပဒေဆိုတာက အစိတ်အပိုင်းဥပဒေ တစ်မျိုး၊ အင်္ဂလိပ်လို ပြောရမယ်ဆိုရင် (Securial Law) သဘောမျိုးဖြစ်ပါတယ်။ ဒီတိုင်းရင်းသားလူမျိုးများ ကာကွယ်ရေး ဥပဒေဟာ ပြည်ထောင်စုရဲ့ အခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘယ်လိုမှ ထွက်သွားလို့မရဘူး။ အဲဒီ ဥပဒေဘောင်အတွင်း အဲဒီဥပဒေနဲ့ ကိုက်ညီအောင် ဒါကိုရှိနေရမယ်။ ဒါ့အပြင် အချို့နေရာမှာ ဗမာဟာ တိုင်းရင်းသားလားဆိုတဲ့ အမြင်ဟာ အခုမှမဟုတ်ဘူး။ အရင်တော်လှန်ရေးအစိုးရ၊ မဆလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အစိုးရကတည်းက ပြုထားတဲ့ ဥပဒေတွေမှာ ဗမာက တိုင်းရင်းသားလူမျိုး တစ်မျိုးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အလေ့အထ အစဉ်အလာအရ ဘယ်လိုဖြစ်ခဲ့သလဲ ဆိုတော့ ဒီတိုင်းရင်းသားပေါ်မှာ မြင်တဲ့အမြင်နဲ့ ဗမာလူမျိုး တိုင်းရင်းသား လူမျိုးစုပေါ်မှာ မြင်တဲ့အမြင်နဲ့ ပြည်နယ်ပိုင် တိုင်းရင်းသားလူမျိုးစုပေါ်မှာအမြင်၊ ပြည်နယ်မရှိတဲ့ တိုင်းရင်းသားပေါ်မှာအမြင်နဲ့ ဗမာလူမျိုးအပေါ်မှာ မြင်တဲ့အမြင်က အစဉ်အလာအားဖြင့် အလေ့အထက ရှိခဲ့တာက ဘာလဲဆိုတော့ ကွဲပြားမှုရှိတယ်။

ဒါပေမဲ့ ဒီကွဲပြားမှုဟာ ထာဝရလား။ ကျွန်တော့်အနေနဲ့ ထာဝရ ရယ်လို့မမြင်ဘူး။ ကျွန်တော်တို့ ဒီကနေ့လို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီတဲ့ ဥပဒေ၊ ကိုက်ညီတဲ့အသုံးအနှုန်းကို ကျွန်တော်တို့ ဆက်တိုက် အမြဲတမ်းသုံးသွားမယ်ဆိုရင် ဒီအမြင်ကွဲပြားမှုဟာ တဖြည်းဖြည်းနဲ့ ပျောက်သွားမယ်။ ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာဆိုရင် တိုင်းရင်းသားလူမျိုးများလို့ ရေးတယ်။ ကျွန်တော်တို့လည်းပဲ အဲဒီအတိုင်းပဲ ရေးရမယ်။ အဲဒီအပြင်ကို ဒီဟာနဲ့ ထူးဆန်းပြီးတော့ ကျွန်တော်တို့ရေးရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သွားပြီးတော့ မကိုက်ညီဘူးဖြစ်မယ်။ အဲဒီအချက်လည်းကျွန်တော်တို့ စဉ်းစားစရာ အများကြီးပါ။ နောက်ပြီးတော့ တိုင်းရင်းသားလူမျိုးများ ကာကွယ်ရေး ဥပဒေမှာ ဗမာတိုင်းရင်းသားဖြစ်လို့ ဗမာအတွက် အရေးမကြီးဘူး။ မွန်တွေ၊ ကရင်တွေ၊ ရှမ်းတွေ သူတို့မှာ ယဉ်ကျေးမှုအရ၊ စာပေအရ အခက်အခဲရှိတယ်။

အဲဒီတော့ သူတို့ကိုပဲ ကာကွယ်ရမယ်။ ဒါအခု ခြုံမြင်ချင်မြင်၊ ဒါပေမဲ့မဟုတ်တော့ ဒီကနေ့ globalization ကြည့်လိုက် state show ထွက်လာတယ်။ ထွက်တာနဲ့ ကြည့်လိုက် ထဘီ၊ လုံချည်မပါဘူး။ အနောက်တိုင်းဝတ်စုံတွေ။ ထွက်လာတာနဲ့ ဆိုပစ်လိုက်၊ တစ်ခုခုလုပ်လိုက် Thank you တဲ့။ ကျေးဇူးတင်တယ်ဆိုတာ ဗမာလိုသိပ် မပြောတတ်ဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ ဘာလဲဆိုတော့ globalization မှာ ကျွန်တော်တို့ သတိထားစရာ အများကြီး။ ဇာတ်မင်းသားတွေကြည့်လိုက်၊ လာသမျှ ဒီမှာ မင်းသားပေါ့၊ ခေါင်းထဲမှာ ဆိုတာ၊ ကတာဟာ ဗမာအကမဟုတ်၊ ဗမာအဆိုမဟုတ် အနောက်တိုင်းနဲ့ သရုပ်ပျက် အဆို၊ အကတွေ အများကြီးရှိတယ်။ ဒါဟာကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့ ယဉ်ကျေးမှု၊ ဒီလောက်အန္တရာယ်ဖြစ်နေတယ်။ ဗမာယဉ်ကျေးမှု၊ ဗမာလူမျိုး၊ ဗမာတိုင်းရင်းသားကိုလည်းပဲ ဒီကနေ့တော့ အရေးမကြီးဘူးလို့ ဒီလူတွေ ထင်ရင်ထင်လိမ့်မယ်။ မကြာမီ အနာဂတ်၊ မကြာသောဆယ်စုနှစ်တွေမှာ ဒီ ဥပဒေသာ အတည်ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ မွန်တွေ၊ ကရင်တွေ၊ ရှမ်းတွေ၊ ကချင်တွေအတွက်ချည်းပဲ မဟုတ်ဘူး။ ဗမာတိုင်းရင်းသားလူမျိုးအတွက်လည်း အသုံးဝင်

အရေးကြီးလာမယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်ပြီးတော့ ဒီဥပဒေကို ဆိုင်းငံ့ထားတာလည်း ဆိုင်းငံ့ထားပြီးပြီ။ ကျွန်တော်တို့ ဒီသက်တမ်းမှာတော့ ဒီလွှတ်တော် သက်တမ်းမှာ၊ ဒါတော့ ဖြစ်တော့ ဖြစ်သင့်ပါတယ်။

ကျွန်တော်တို့က သန်းခေါင် စာရင်းအရ လူဝင်မှုကြီးကြပ်ရေးက ထုတ်တဲ့စာရင်းကို ကြည့်ပြီးတော့ လူမျိုးက ဘယ်နှစ်မျိုး ဘယ်နှစ် မျိုးရှိမှ ကျွန်တော်တို့က ဒါကိုလုပ်ရမလား။ ဒီဥပဒေမှာ လူမျိုး ဘယ်နှစ်မျိုးရယ်လို့ မသတ်မှတ်ဘူး။ တိုင်းရင်းသားလူမျိုးများဆိုတဲ့ definition ကို ထုတ်ကတည်းက သူ့ကို ထုတ်ကတည်းက အရေအတွက်ကို မပြောဘူး။ သီးခြား ဘာသာစကား၊ ယဉ်ကျေးမှု ရှိသော တိုင်းရင်းသားလူမျိုးများ အပါအဝင်ဆိုပြီးတော့ ခြုံပြီးတော့ လုပ်သွားတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ဟာ ဥက္ကဋ္ဌကြီးရဲ့ ဩဝါဒအတိုင်း ကျွန်တော် နေခဲ့တယ်။ စောင့်ဆိုင်းခဲ့တယ်။ ကျေကျေနပ်နပ်နဲ့ စောင့်ဆိုင်းခဲ့တဲ့အချိန်မှာ ဒီကနေ့ ပြည်သူ့ လွှတ်တော်က အတည်ပြုပြီးတဲ့ တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ရောက်လာတာ အထူးပဲ ဝမ်းသာကြိုဆိုပါတယ်။ ဒါပေမဲ့ အချို့နေရာမှာတော့ ပြင်ဆင်ဖြည့်စွက်တာလေး လိုအပ်မယ်လို့ ကျွန်တော်ယူဆတဲ့နေရာမှာ လိုအပ်သလောက် ပြင်ဆင် ဖြည့်စွက်သွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း ပုဒ်မ ၂(က)ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅ နဲ့ ပြည့်စုံစွာကိုက်ညီစေရန် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ရရှိထားသော လူမျိုးများဆိုတဲ့ စာပိုဒ်နဲ့တစ်ဆက်တည်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင် တိုင်းရင်းသားကိုယ်စားလှယ် ရရှိထားသော လူမျိုးများဆိုတဲ့ စာစုကို ထပ်ဖြည့်ချင်ပါတယ်။ အဲဒါကြောင့် ပုဒ်မ ၂(က)ဟာ တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသော လူမျိုးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးရရှိထားသော လူမျိုးများ၊ နောက်ပြီးတော့ ကျွန်တော် ထပ်ဖြည့်တဲ့ စာလုံးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ရရှိထားသော လူမျိုးများ ဆိုတဲ့အပိုဒ်ကို ကျွန်တော် ဖြည့်ထား ပါတယ်။ နောက်ပြီးတော့ တစ်ဆက်တည်းမှာ သီးခြားဘာသာစကား၊ သီးခြားယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းများရှိသည့် လူမျိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့် ရသူများနဲ့ ဧည့်နိုင်ငံသားများ မပါဝင် ရယ်လို့ ဖြစ်လာပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားသော ပုဒ်မ ၈(က)ကို အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပုဒ်မ ၉(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ထားပါတယ်။ အဲဒီ အပိုင်းမှာ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု နဲ့ ရိုးရာဓလေ့ထုံးတမ်း သမိုင်းနဲ့ ရှေးဟောင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဟူသော စာပိုဒ်တွင် သမိုင်းနဲ့ ရှေးဟောင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက် ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း ဆိုတဲ့အပိုင်းကို စဥ်းစားသုံးသပ်ကြည့်ပါတယ်။ သမိုင်းနဲ့ ရှေးဟောင်းအမွေအနှစ်တို့ဟာ လွန်ခဲ့တဲ့ အတိတ်ကာလရဲ့ အထောက်အထား သက်သေ

သာဓကများဖြစ်ပြီး လွန်ခဲ့တဲ့အတိတ်ရဲ့ ဖြစ်ရပ်အခြေအနေကို ဖော်ညွှန်းပေးတဲ့ အထောက်အထား သာဓက ဖြစ်ပါတယ်။ အထောက်အထား သက်သေသာဓကတို့ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်၍ မရပါ။ သမိုင်းနဲ့ ရှေးဟောင်းအမွေအနှစ်တို့ကို ရှာဖွေဖော်ထုတ်ပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်လူတို့ ကြည့်ရှု လေ့လာမှတ်သား သင်ခန်းစာယူရန်သာဖြစ်သည်။ ရှာဖွေဖော်ထုတ် ရရှိပြီးသော သမိုင်းနဲ့ ရှေးဟောင်းအမွေအနှစ်တို့ကို မပျောက်မပျက်ရန် ထိန်းသိမ်းရန်သာ လိုအပ်ပါတယ်။ တိုးတက်အောင် လုပ်၍မရပါ။ ဒါကြောင့် အဲဒီအပိုဒ် ၉(က)ကို တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်း စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း။ အဲဒီထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဲဒီနေရာမှာ ကျွန်တော်က ထားပြီးတော့ သမိုင်းနဲ့ ရှေးဟောင်းအမွေ အနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်းဟူ၍ အပိုဒ်ခွဲပြီးတော့ ပြင်ပြီးတော့ ရေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး စည်းလုံးခိုင်မာရေးအတွက် ရေရှည်မှာ များစွာအကျိုးပြုလိမ့်မည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်မယ်လို့ မြင်တဲ့အတွက်ကြောင့် အခုလို ဖြည့်စွက်ပြင်ဆင်ပြီး ထောက်ခံပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းအပေါ် မှာ ကျွန်တော် သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော် တင်ပြဆွေးနွေးလိုတာကတော့ တိုင်းရင်းသားများ ဟု စတင်ခေါ်ဝေါ်သုံးစွဲတဲ့အပိုင်းကို ကျွန်တော် ဆွေးနွေး ချင်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးခြင်းဟာ ဦးလှဆွေ ဆွေးနွေးခြင်းနဲ့ ခပ်ဆင်ဆင် ဖြစ်မှာဖြစ်တယ်။ တိုင်းရင်းသားများ စာသားအသုံးအနှုန်းဟာ မသုံးသင့်သောအကြောင်းကို အခြေခံပြီး ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ယခင်က လွတ်လပ်ရေးမရခင် ၁၉၄၀ ခုနှစ် မတိုင်ခင် မြန်မာနိုင်ငံမှာ ယခု တိုင်းရင်းသားများခေါ်တဲ့ တောင်ပေါ်ဒေသတိုင်းရင်းသားများဟာ ကချင်၊ ကရင်၊ ရှမ်း၊ မွန်၊ မြန်မာ၊ ရခိုင် စသည့် တိုင်းရင်းသားများ ရှိခဲ့ပါတယ်။ သို့သော် ထိုစဉ်က အချိန်အခါက မြန်မာလို တိုင်းရင်းသားများဟု ခေါ်ဝေါ်သုံးစွဲတယ်လို့ ကျွန်တော် မမှတ်မိခဲ့ပါဘူး။ ကျွန်တော် အားနည်းချက်ရယ်လို့လားမသိဘူး။ ကချင်တိုင်းရင်းသားများ၊ ရှမ်းစော်ဘွားများ၊ ကရင်လူမျိုးများ၊ ကချင်လူမျိုးများ၊ ချင်းလူမျိုးများသာ ခေါ်ဝေါ်သုံးစွဲခဲ့တယ်ဆိုတာကို ကျွန်တော် မှတ်သားမိပါတယ်။ သို့သော် ၁၉၄၈ ခုနှစ် ပင်လုံစာချုပ်မှာ တိုင်းရင်းသားများဆိုတဲ့စကားဟာ စတင်ပေါ်ပေါက်လာတယ်လို့ ကျွန်တော် မှတ်သားမိပါတယ်။ ပင်လုံစာချုပ်ရဲ့ အဓိပ္ပာယ် အင်္ဂလိပ်လို

nationality ကို မြန်မာလို တိုင်းရင်းသားများဟု ဘာသာပြန်ဆို ရေးသားစဥ်က စပြီးတော့ တိုင်းရင်းသားများလို့ စတင်သုံးစွဲတယ်လို့ ရှေးလူကြီးများက ပြောကြားတာ မှတ်သားဖူးပါတယ်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ တိုင်းရင်းသားများဟု ရည်ညွှန်းခေါ်ဝေါ်သော ဒေသမှာ တောင်တန်းဒေသများဖြစ်သော ချင်း၊ ကချင်၊ ရှမ်း၊ ကယား၊ ကရင်၊ မွန်နှင့် ရခိုင်လူမျိုးများရှိတဲ့ဒေသကို သတ်မှတ်ခေါ်ဝေါ်ခြင်း ဖြစ်တယ်။ မြေပြန့်မှာ နေကြတဲ့ ဗမာလူမျိုးများ ရည်ညွှန်းပါဝင်ခြင်း မရှိခဲ့ပါ။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤနေရာမှာ တောင်တန်းဒေသနေ တိုင်းရင်းသားများနှင့် မြေပြန့် သား ဗမာလူမျိုးများဟု သုံးနှုန်းသုံးစွဲ ဆွေးနွေးခြင်းဟာ ဗမာလူမျိုးနှင့် တောင်တန်းဒေသ တိုင်းရင်းသားများ စိတ်ဝမ်းကွဲစေလိုတဲ့သဘော၊ စည်းလုံးပျက်ပြားစေလိုတဲ့ သဘောဆန္ဒ လုံးဝလုံးဝ မရှိပါ။ ပကတိအခြေအနေကို တင်ပြဆွေးနွေးရခြင်းသာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ - ဥက္ကဋ္ဌက ယခုအစည်းအဝေးမှာ ထိုင်နေတဲ့ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များ မတ်တတ် ရပ်ပါ ဟု ခိုင်းလျှင် မြေပြန့်နေ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်မှာ မဟုတ်ပါ။ ဒါဟာ အဓိပ္ပာယ်ကတော့ မြေပြန့်ရှိဗမာလူမျိုးများဟာ တောင်တန်းဒေသရှိ တိုင်းရင်းသားများနှင့် တန်းတူ မဖြစ်ဘူးဆိုတဲ့ ယခင်ခေတ်အဆက်ဆက်က သမိုင်း ဖြစ်စဥ်များရဲ့ သင်ခန်းစာမှ အဖြေတစ်ခုလည်း ဖြစ်တယ်လို့ ရှင်းလင်းစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အမျိုးသား ဥပဒေကြမ်းကော်မတီက တင်သွင်းသော ဥပဒေကြမ်း၏ ရည်ရွယ်ချက်အကျိုး၊ ယခင်ခေတ်အဆက်ဆက်က ပြဌာန်းခဲ့သော ဥပဒေ၏ အကျိုးများကို မြေပြန့်ရှိ ဗမာတိုင်းရင်းသားများ အပြည့်အဝခံစားပြီး၊ ခံစားဆဲဖြစ်ပါတယ်။ တောင်တန်းဒေသ တိုင်းရင်းသားများ ဥပဒေ၏အကျိုးကို ဥပဒေ၏ အကာအကွယ်ကို ခံစားရခြင်း မရှိခဲ့ပါ။ အကြောင်းမှာ ခေတ်အဆက်ဆက်က နိုင်ငံတော်ခေါင်းဆောင်များက အခြေခံဥပဒေ အကောင်အထည်ဖော် ကျင့်သုံးရာ၌ အားနည်းခဲ့သောကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ပင်လုံစာချုပ်က အစ ခေတ်အဆက်ဆက်က အခြေခံဥပဒေမှာ ဥပဒေသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို ခွဲခြားပိတ်ပင်ခြင်းမရှိပါ။ ဥပဒေအရာ၌ တန်းတူ ရည်တူ အခွင့်အရေးပေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးဟု အဆိုအမိန့် ရှိခဲ့ပါသော်လည်း ကျွန်တော်တို့နိုင်ငံ၌ ဥပဒေအထက်မှာ အာဏာရှိသောကြောင့် ဥပဒေကပေးထားသော အခွင့်အရေးကို တောင်တန်းနေတိုင်းရင်းသားများ မရရှိခဲ့ပါ။ ထို့ကြောင့် ယခု ပါတီစုံ ဒီမိုကရေစီခေတ်မှာ တိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်သည့် ဥပဒေကြမ်း ပေါ်ထွက်တောင်းဆိုလာရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတိုင်းရင်းသားများထဲတွင် မြေပြန့်နေ ဗမာလူမျိုးမပါဝင်ကြောင်း ဥပဒေကြမ်းကော်မတီက တရားဝင် တင်သွင်းလာတာတွေ့ရသဖြင့် ဝမ်းသာစရာကောင်းပါတယ်။ မြေပြန့်၊ တောင်တန်းဒေသမခွဲခြားတော့ဘဲ နိုင်ငံသားများ၏ မူလအခွင့်အရေးကို တန်းတူ ရည်တူ ရရှိတော့မည်ဟု မြင်တွေ့ရသဖြင့် စိတ်နှလုံးရွှင်လန်း ဝမ်းသာစရာဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတကြီး ကလည်း ဗမာလူမျိုးများဟာလည်း တိုင်းရင်းသားလူမျိုးများရဲ့ လူမျိုးတစ်မျိုးပါပဲလို့ မိန့်ကြားဖူး ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ တစ်ဆင့်နိမ့် ဒုတိယလူမျိုး (second class)ကဲ့သို့ အဓိပ္ပာယ်သက်ရောက်စေသော တိုင်းရင်းသားများဟု ရေးသားသုံးစွဲခြင်းသည် ဗမာလူမျိုးများနှင့် တောင်ပေါ် တိုင်းရင်းသားများ တန်းတူအခွင့်အရေး မခံစားနိုင်စေသော စာအသုံးအနှုန်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် တိုင်းရင်းသားများအစား ပြည်ထောင်စုသားများ သို့မဟုတ် မြန်မာနိုင်ငံသားများဟု ခေါ်သင့်ပါကြောင်း အဆိုပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဥပဒေ အခန်း(၁) ၌ နိုင်ငံတော်အခြေခံမူများ အပိုဒ် ၈ ၌ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ဖော်ပြသည့်အလျောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားများ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားများအစား ပြည်ထောင်စုသားများ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံသားများဟု ခေါ်သင့်ပါက၊ ခေါ်ပါက တိုင်းပြည်စည်းလုံးညီညွတ်ရေးသည် ပိုမိုစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါတယ်။ ပြည်ထောင်စုသားများဟု ပြောင်းလဲခေါ်ဝေါ်ပါက ၁၉၄၈ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေများက ပေးထားသော ဥပဒေအသီးသီးတွင် တိုင်းရင်းသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို လုံလောက်စွာပေးထားပြီး ဖြစ်ပါသဖြင့် ယခုတိုင်းရင်းသားများကာကွယ်သည့် ဥပဒေကို သီးခြားထုတ်ပြန်ရန် မလိုတော့ပါဟု ဆွေးနွေးလိုပါတယ်။ အကြောင်းမှာ၊ နောက်တစ်ချက်မှာ ယနေ့တိုင် မြန်မာနိုင်ငံ၌ တိုင်းရင်းသားများ ကာကွယ်သည့်ဥပဒေ မရှိသေးဘူးလားဟု ကမ္ဘာက မေးစရာ မေးခွန်းတွေရှိနိုင်ပါတယ်။ တိုင်းရင်းသားများဟု ရေးသားသုံးနှုန်းခြင်းသည် အခြေခံဥပဒေ၌ အလုံးသုံးဆယ်ခန့် ပါဝင်ပြီးဖြစ်တဲ့အတွက် ဖြစ်နိုင်ပါက ဤဥပဒေကြမ်းနှင့်အတူ ထည့်သွင်းပြင်ဆင် စေလိုသောကြောင့် တင်ပြဆွေးနွေးရခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်သည့်ဥပဒေ ပြဋ္ဌာန်း ထုတ်ပြန်တာထက် ရှိပြီးအခြေခံဥပဒေကို အကောင်အထည်ဖော်သည့် အာဏာပိုင်အဆင့်ဆင့်များက ဥပဒေမှာရှိတဲ့အတိုင်း အကောင်အထည်ဖော်နိုင်မှုအားနည်းခြင်း၊ ပျက်ကွက်ခြင်း၊ လစ်လျူရှုခြင်း ရှိပါက မည်ကဲ့သို့ အရေးယူခြင်းများကို ဥပဒေ၌ အဓိက ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြဆွေးနွေး လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ ဖော်ပြထားတဲ့အချက်မှာ ပြင်ဆင်လိုတဲ့အချက်ကို တင်ပြ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက် အပိုဒ် ၂(က) အောက်ဆုံး အပိုဒ်မှာ ဖော်ပြတဲ့ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများ မပါဝင်ဟု ဖြည့်စွက်သင့်ကြောင်း တင်ပြခြင်းမှာ ၂၀၀၈ အခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၄၅(ခ)မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၄၇ ၌ နိုင်ငံတော်သည် မည်သူမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရပိုင်ခွင့်ပေးရမည် ဟု ပါရှိပြီးဖြစ်ပါသဖြင့် ထိုစကားရပ်အား ထပ်မံမဖြည့်စွက်သင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ထပ်မံဖြည့်စွက်ပါက မူလရှိသောဥပဒေနှင့် အခုတင်ပြမယ့် တိုင်းရင်းသားကာကွယ်သည့် ဥပဒေဟာ ညီညွတ်မှုမရှိမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဧည့်နိုင်ငံသားများ မပါဝင်ဟူသော စာပိုဒ်ကိုတော့ ဖြည့်စွက်သင့် ပါကြောင်း ထောက်ခံတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယတင်ပြလိုသည်မှာ ကော်မတီ၏လေ့လာတွေ့ရှိချက်အပိုဒ် ၂(ခ)၊ ၂(င) အပိုဒ်ငယ်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနကို ဆိုသည်ဟု ဖော်ပြထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်မှာ တိုင်းရင်းသားရေးရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး များနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ရုံးသစ်များ ဖြစ်ပေါ်လာနိုင်စရာရှိပါသဖြင့် ယခုဒေသ လူဦးရေစုစုပေါင်း၏ (၀.၀၁) (0.01) ကို ကိုယ်စားပြုသော တိုင်းရင်းသားရေးရာ ဝန်ကြီးသည် အနာဂတ်ဖြစ်ပေါ်လတ္တံ့သော တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် တန်းတူအခွင့်အရေး မရရှိနိုင်ပါဟု ထင်မြင်ပါသည်။ သို့ပါ၍ ဥပဒေကြမ်းကော်မတီက တင်ပြသော ၂(င)အား ထပ်မံဖြည့်စွက် ရန်မသင့်တော့ကြောင်း တင်ပြဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးလည်း ရှိတဲ့အတွက် ဆက်လက်ပြီး ဆွေးနွေးရန် ကျန်တဲ့ ဦးနေဝင်းထွန်း ကို နောက်တစ်ရက်ကျမှ ရွှေ့ဆိုင်းပါ့မယ်။ ဒီကိစ္စက အခု အချေအတင် ဆွေးနွေးချက်ကလေးတွေ စိတ်ဝင်စားဖို့ကောင်းတယ်။ အရေးလည်းကြီးတဲ့အတွက် ထပ်မံဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ်များရှိရင်လည်း ယခုအစည်းအဝေးရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ဆီကို အမည်စာရင်းပေးသွင်းနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဒေါက်တာဗညားအောင်မိုး တင်တဲ့ Private Bill ကိစ္စတုန်းက ဒီလွှတ်တော်ထဲမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့စည်းဖို့ အဆိုတင်တဲ့အခါမှာ ပါတီတစ်ခုရဲ့ Wish က ပါတီရဲ့ ညွှန်ကြားချက် မဟုတ်ဘဲနဲ့ ဒါကို ကန့်ကွက်ဖို့ဆိုပြီး စည်းရုံးလိုက်တဲ့ အခါမှာ အဲဒီ့အဆိုဟာ ရှုံးသွားတယ်။ ဒါကြောင့်မို့လို့ အဲဒီ့ကိစ္စဟာ ဒီလွှတ်တော်မှာ ဆက်လုပ်လို့ မရတဲ့ အနေအထားဖြစ်သွားလို့ ပြည်သူ့လွှတ်တော်က ဒါကို ဆက်လုပ်ပေးတဲ့ သဘောပါပဲ။ အဲဒီတော့ ဒေါက်တာဗညားအောင်မိုး ကလည်း အခု ဒီဥပဒေမှာ ယခင်တင်ထားတဲ့ Private Bill ကို အကျိုး ဝင်အောင် ဆွေးနွေးပါ။ ဥပဒေကြမ်းကော်မတီမှာလည်း အကျိုးဝင်အောင် ဒါ ဥပဒေကြမ်းကော်မတီ ကလည်း ပြန်လည်ကြားနာတဲ့အခါမှာ ဒါတွေ ထည့်စဉ်းစားပါ။ စဉ်းစားပြီးရင်တော့ ဒေါက်တာ ဗညားအောင်မိုး ရဲ့ ပုဂ္ဂလိက ဥပဒေကြမ်းက ဒီမှာပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ ဟုတ်ပြီနော်။

ပြည်ထဲရေး၊ ဒုတိယဝန်ကြီးလည်း နောက်တစ်ရက်ကျမှပဲ ရွှေ့လိုက်တော့မယ်။ အော် သိပ်တော့ မများပါဘူး။ ဆက်လုပ်ပေးလိုက်မယ်။ ကျော်ပြီးတော့နော်။ နောက်လာနေရမှာစိုးလို့၊ အဲဒီတော့ အစီအစဉ် (၇)ကို ဆက်လုပ်ပေးပါ့မယ်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း

ဆွေးနွေးရန် အမည်တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ(က)အရ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။ တိုတိုကျဉ်းကျဉ်းပဲ အဆိုတင်သွင်းပါ။

**အချိန်၊ ၁၂း၀၃။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါ ရန် ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် မှ အဆိုတင်သွင်း သွားမှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း၊ အရေးပေါ်ပြဋ္ဌာန်းချက်များ အက်ဥပဒေ သည် လွတ်လပ်ရေးမရမီကာလက ပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါ ဥပဒေရဲ့ ရည်ရွယ်ချက်မှာ အစိုးရအတွက် ကာလအပိုင်းအခြား တစ်ခုအတွင်း အသုံးပြုရန် လိုအပ်သော မြေ၊ အဆောက်အအုံနဲ့ သိုလှောင်ရုံများကို အမိန့်စာဖြင့် အတင်းအကြပ်တောင်းဆို၍ အသုံးပြုနိုင်ရန် ဖြစ်ပြီး အသုံးပြုတဲ့အတွက် ငှားရမ်းခ၊ အသုံးပြုခပေးနိုင်ရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေလည်း ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်သည် နိုင်ငံသားများရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည် ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၆ တွင် ပြဋ္ဌာန်းထားသည်ဖြစ်သဖြင့် ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း၊ အရေးပေါ်ပြဋ္ဌာန်းချက်များ အက်ဥပဒေသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေခြင်း၊ ယနေ့ကာလသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံး နေချိန်ဖြစ်၍ အဆိုပါ အက်ဥပဒေမှာ လက်ရှိခေတ်ကာလ အခြေအနေနှင့် ဆီလျော်ကိုက်ညီမှု မရှိခြင်း၊ ပြည်သူများမှလည်း ရုပ်သိမ်းရန် လိုလားလျက်ရှိခြင်းတို့ကြောင့် ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်း ဆိုခြင်း အရေးပေါ်ပြဋ္ဌာန်းချက်အက်ဥပဒေကို ရုပ်သိမ်းသင့်ကြောင်းတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း၊ အရေးပေါ်ပြဋ္ဌာန်းချက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် တင်သွင်းသွားတဲ့ အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးအေး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း အား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဂအခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက် နေ့ကို ၁၂း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]